# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 10 July 2024 ၁၁၅၁၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ချင်းတောင်မြို့ရှိ ချင်းတောင် ဟိုင်အလ်အဖွဲ့နှင့် ချင်းတောင်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာများသို့ လှည့်လည်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၉**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ချင်းတောင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ချင်းတောင်မြို့အတွင်းရှိ ချင်းတောင် ဟိုင်အလ်အဖွဲ့ (Qingdao Haier Group)နှင့် ချင်းတောင်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာ (Qingdao Hisense Research and Development Center)များသို့ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ချင်းတောင် ဟိုင်အလ်အဖွဲ့ (Qingdao Haier Group)သို့ ရောက်ရှိရာ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ လျိုဒလင်(Mr. Liu Dalin)နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ချင်းတောင်မြို့ရှိ ချင်းတောင် ဟိုင်အလ်အဖွဲ့အတွင်း ကြည့်ရှုလေ့လာစဉ်။

## ယနေ့ ဖတ်စရာ


**ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၉

**‘ဝင်ငွေတိုးစီမံကိန်းများ’ ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားလာစေမည် .....**

ဆောင်းပါး

စာမျက်နှာ » ၁၀





**ရောဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် ဒုဋ္ဌဝတီမြစ်ရေကြီးမှု အခြေအနေ**

စာမျက်နှာ » ၁၅

ကြေးမုံ

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်ကို အတူတကွမြှင့်တင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်တုန်းပြည်နယ် ချင်းတောင်မြို့၌ ဇူလိုင်လ ၈ ရက်နေ့က ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံ့ကိုယ်စားလှယ်များ တက်ရောက်ကြရာ ဖိုရမ်ဖွင့်ပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မိန့်ခွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်မှစတင်၍ SCO ဆွေးနွေးဖက်နိုင်ငံအဖြစ် ပါဝင်ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံရေးများကို ပိုမိုခိုင်မြဲစေရန် ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ပါကြောင်း၊ မိမိတို့၏ စုပေါင်းအင်အားများ၊ သယံဇာတများနှင့် ကျွမ်းကျင်ပညာရှင်များ၏ ပေါင်းစည်းမှုအင်အားဖြင့် စိမ်းလန်းသောဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲသည့် အနာဂတ်ကို အတူတကွ ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပြောကြားခဲ့သည်။

ရေ၊ မြေ၊ လေ၊ ဇီဝအဝန်းအဝိုင်းများနှင့် ဖွဲ့စည်းထားသည့် ကမ္ဘာမြေစနစ်နှင့် လူသားများသည် အပြန်အလှန်ဆက်နွှယ်မှုရှိပြီး လူသားများကြောင့် သဘာဝပတ်ဝန်းကျင်မပျက်စီးစေရေး ကာကွယ်ထိန်းသိမ်းရေး အထူးလိုအပ်လာသည်။ ယခုကျင်းပသောဖိုရမ်တွင် ဂေဟစနစ်ပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းကာကွယ်ရေး၊ စွမ်းအင်အသွင်ကူးပြောင်းရေးအတွက် တီထွင်ဆန်းသစ်ရေး၊ အစိမ်းရောင်ဖွံ့ဖြိုးမှုအတွက် လူနေမှုစနစ်အသွင်ကူးပြောင်းရေး၊ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတို့ကို ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ပညာရှင်များက ဆွေးနွေးကြရာ ဖိုရမ်သည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းပလက်ဖောင်းတစ်ခု ဖြစ်လာသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တိုးတက်ကောင်းမွန်ပြီး ရေရှည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိမ်းရောင်ဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး သဘာဝအခြေခံဖြေရှင်းနည်းများဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ရှည်လျားသည့် ကမ်းရိုးတန်းဒေသနှင့် ကျယ်ပြန့်သည့်အဏ္ဏဝါတို့ကို ပိုင်ဆိုင်ထားသည်။ အဆိုပါသယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့စွာ ထုတ်ယူသုံးစွဲနိုင်ရန် အပြာရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖြင့် အထောက်အကူပြုလျက်ရှိသည်။ တစ်ဖက်တွင် အဏ္ဏဝါပြင်လေ့လာရေးကို အစိမ်းရောင်ခရီးသွားမြှင့်တင်ရေးကဏ္ဍအဖြစ် စီမံဆောင်ရွက်ထားသည်။

မြန်မာနိုင်ငံအနေဖြင့် သစ်တောပြုန်းတီးမှုကိုလျှော့ချပြီး ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတို့ကို အထောက်အကူပြုရန်အတွက် သဘာဝထိန်းသိမ်းရေးနယ်မြေကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်း၊ သစ်တောကြိုးဝိုင်းဧရိယာကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း တိုးမြှင့်သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ အာဆီယံအမွေအနှစ်ဥယျာဉ် (၈)ခု၊ ရမ်ဆာရေဝပ်ဒေသ (၇)ခု၊ လူသားနှင့်ဇီဝအဝန်းနယ်မြေ (၂)ခု အပါအဝင် သဘာဝထိန်းသိမ်းရေးနယ်မြေ (၅၉)ခု၊ အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်းကွန်ရက်နယ်မြေ (၈)ခုနှင့် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်းစခန်း (၂၂)ခုတို့ကို သတ်မှတ်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အများပြည်သူအကြား သဘာဝ၏တန်ဖိုးကို ပိုမိုနားလည်လာစေရန် ရည်ရွယ်ပြီး မြန်မာ့သဘာဝထိန်းသိမ်းရေးနယ်မြေများကို ယူနက်စကိုအသိအမှတ်ပြု လူသားနှင့် ဇီဝအဝန်းနယ်မြေများအဖြစ် အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ကို ယူနက်စကိုစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်နိုင်ခဲ့သည်။ တစ်ဖက်တွင် သစ်တောများပြန်လည်တည်ထောင်ခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် ဇီဝမျိုးစုံမျိုးကွဲများအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လုပ်မှု လျှော့ကျခြင်းတို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများထူထောင်ခြင်းနှင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရန်အတွက် ပုဂ္ဂလိက သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ယခုမိုးရာသီကာလတွင် အစိမ်းရောင်လှုပ်ရှားမှုအဖြစ် သစ်ပင် ၂၂ သန်း စိုက်ပျိုးလျက်ရှိသည်။ ထို့အပြင် ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဒေသတွင်းနိုင်ငံများပူးပေါင်းလျက် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ ကဏ္ဍအလိုက် ကာဗွန်ထုတ်လုပ်မှုလျှော့ချရေး၊ နေ၊ လေ၊ ရေ အခြေပြုသည့် ပြန်ပြည့်မြဲစွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်မှု၊ စွန့်ပစ်အမှိုက်မှ လျှပ်စစ်ထုတ်လုပ်မှု၊ စွမ်းအားမြှင့်မီးဖိုများဖြန့်ဝေမှု၊ ဒီရေတောများ တည်ထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို တိုးမြှင့်ဖော်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီညီ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိမ်းရောင်စီးပွားရေး အထောက်အကူပြု အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အလေးထားမြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

**ကမ္ဘာ့လူဦးရေနေ့**

“ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ”

“Helping vulnerable populations in emergencies”

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်

## မစ္စတာ နာစီရာဒင် ဟေဒါရီ အား မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဇူလိုင် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသည် မစ္စတာ နာစီရာဒင် ဟေဒါရီ အား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ အစိုးရ၏ အဆိုပြုချက်ကို သဘောတူသည်။

မစ္စတာ နာစီရာဒင် ဟေဒါရီ အား ၁၉၆၃ ခုနှစ်၊ မတ်လ ၂၆ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် အီရန်နိုင်ငံ၊ တီဟီရန်မြို့ရှိ အလာမဲတဘားတဘိုင်းတက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်ဖြင့် ပါရဂူဘွဲ့ကို ရရှိခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် အီရန်နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ကုလသမဂ္ဂရေးရာဌာန၊ လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေး ကျွမ်းကျင်သူ သံအရာရှိအဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်မြို့ရှိ အီရန်သံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ လက်နက်ဖျက်သိမ်းရေးနှင့် မပြန့်ပွားရေးဌာနတွင် ပထမအတွင်းဝန်နှင့် လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေး အကြီးတန်းကျွမ်းကျင်သူအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်မြို့ရှိ အီရန်သံရုံးတွင် ဒုတိယသံမှူးအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဓာတုပစ္စည်းများလုံခြုံရေး ကွန်ဗင်းရှင်းနှင့် ဓာတုလက်နက်များကွန်ဗင်းရှင်း အမျိုးသားအာဏာပိုင်အဖွဲ့၏ ဒုတိယအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အီရန်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် သံအမတ်အဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ လက်နက်ထိန်းချုပ်ရေးနှင့် အာကာသရေးရာဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ နိုင်ငံတကာသတင်းလုံခြုံရေး (ဆိုက်ဘာလုံခြုံရေး)ဆိုင်ရာ နှစ်နိုင်ငံ၊ ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ဝတ္တရားများကို ထမ်းဆောင်ခဲ့သည်။ ၂၀၂၄ ခုနှစ်၊ မတ်လမှစ၍ ထိုင်းနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ နာစီရာဒင် ဟေဒါရီ သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးထွန်းကားသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၁၆၄ | ၁,၄၅၉,၆၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၅၀ | ၉၂၉ | ၃,၁၀၂,၇၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၁၂၁ | ၉၉၂,၂၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၆,၃၁၀ | ၁၀,၇၃၅,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၈၀၀ | ၇၃ | ၁၉၉,၄၀၀ |
| EFR | ၁,၈၀၀ | ၁,၈၀၀ | ၅၈၀ | ၁,၀၅၉,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၀ | ၀ |
| MAEX | ၃,၆၀၀ | ၃,၅၀၀ | ၁,၆၂၂ | ၅,၆၃၈,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် Haier Group အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ဟိုင်အလ်အဖွဲ့ဆိုင်ရာ အချက်အလက်များ၊ Haier Group မှ ထုတ်လုပ်သည့် နည်းပညာမြင့် ခေတ်မီအီလက်ထရောနစ်ပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာ နည်းပညာမြင့် စက်ပစ္စည်းများ၊ မော်တော်ယာဉ်များ၊ တန်ဖိုးမြင့်မားသည့် ကမ္ဘာလုံးဆိုင်ရာ ထိပ်တန်းအမှတ်တံဆိပ်များတွင် နံပါတ် (၁) အဖြစ် ခုနစ်နှစ်ဆက်တိုက်ရပ်တည်ခဲ့မှု အခြေအနေနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် အစီအမံများကို လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း Hisense ချင်းတောင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု စင်တာအတွင်း ကြည့်ရှုလေ့လာစဉ်။

### ၁၉၈၄ ခုနှစ်တွင် စတင်တည်ထောင်

ချင်းတောင် ဟိုင်အလ်အဖွဲ့ (Qingdao Haier Group)ကို ၁၉၈၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ပိုမိုကောင်းမွန်သည့် လူနေမှုဘဝနှင့် ဒစ်ဂျစ်တယ်အသွင်ပြောင်းလဲမှုတို့အတွက် ကမ္ဘာ့ထိပ်တန်းဖြေရှင်းမှုများကို ထောက်ပံ့ပေးလျက်ရှိသည်။ ဟိုင်အလ်အဖွဲ့သည် ခေတ်ဆန်သော လူနေမှုနှင့် စက်မှုလုပ်ငန်းသုံး အင်တာနက်စသည့် အဓိကလမ်းကြောင်း နှစ်ခုကို တည်ထောင်ထားပြီး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာ ၁ဝ ခု၊ သုတေသနအဖွဲ့အစည်း ၇၁ ဖွဲ့၊ စက်မှုဥယျာဉ် ၃၅ ခု၊ ကုန်ထုတ်လုပ်မှုစင်တာ ၁၄၃ ခုနှင့် ကမ္ဘာတစ်ဝန်းတွင် အရောင်းကွန်ရက်ပေါင်း ၂၃ဝဝဝဝ ကို တည်ထောင်ထားရှိကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁ဝ နာရီခွဲတွင် Hisense ချင်းတောင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု စင်တာ (Hisense Qingdao Research and Deveolpment Center) သို့ရောက်ရှိရာ ဒုတိယမန်နေဂျာ မစ္စ ချန် ဆိုင် ချာ(Ms. Zhen Cai Xia) နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် စင်တာအတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက Hisense စင်တာ၏ နောက်ခံသမိုင်းအကျဉ်းနှင့် Hisense အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သည့် နည်းပညာမြင့် ခေတ်မီအီလက်ထရောနစ်ပစ္စည်းများ၊ နည်းပညာများဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်ကုန်အသစ်နှင့် စက်မှုအဆင့်မြှင့်တင်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ချင်းတောင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု စင်တာသည် Hisense ၏ ကမ္ဘာလုံးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု ရုံးချုပ်ဖြစ်ပြီး ချင်းတောင်မြို့ လာရှန်ခရိုင်တွင် တည်ရှိကာ ကုန်းမြေဧရိယာ စတုရန်းမီတာ ၂၂၇ဝဝဝ ရှိသည်။ ယင်းဧရိယာအတွင်း တီဗွီနှင့် ဆက်သွယ်ရေးကို အဓိကထားသည့် အီလက်ထရွန်နစ် သတင်းအချက်အလက်လုပ်ငန်း၊ ပို့ဆောင်ရေး၊ ကျန်းမာရေးနှင့် လူနေအိမ်တို့ကို အဓိကထားသည့် စက်မှုနည်းပညာအချက်အလက်လုပ်ငန်း၊ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ အဝတ်လျှော်စက်၊ မီးဖိုချောင်နှင့် ရေချိုးခန်းအသုံးအဆောင်များ စသည်တို့ကို အဓိကထားသည့် အိမ်သုံးပစ္စည်းလုပ်ငန်းဟူ၍ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဧရိယာ သုံးခုခွဲခြားပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ သုတေသနပြုရာမှ ရရှိလာသည့် နည်းပညာ၊ နည်းစနစ်များနှင့်အညီ ထုတ်ကုန်ပစ္စည်းများကို သုံးစွဲသူများ၏ လိုလားချက်များနှင့် ကိုက်ညီအောင် အဆင့်မြှင့်တင်ထုတ်လုပ်လာနိုင်မှုကြောင့် ၂ဝ၂၃ ခုနှစ်တွင် Hisense သည် နှစ်စဉ်ဝင်ငွေ ယွမ် ၂ဝ၁ ဒသမ ၇ ဘီလီယံနှင့် စုစုပေါင်းအမြတ် ယွမ် ၁၃ ဒသမ ၇ ဘီလီယံဖြင့် တည်ငြိမ်သော တိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ်အမြတ်ဝင်ငွေ ၁၁ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

### နေ့လယ်စာစားပွဲသို့ တက်ရောက်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချင်းတောင်မြို့ မြို့တော်ဝန် Mr. Zhao Haozhi က Qingdao Sea View Garden Hotel ၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ချင်းတောင်မြို့ရှိ ချင်းတောင် ဟိုင်အလ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးတို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် Hisense ချင်းတောင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာမှ တာဝန်ရှိသူတစ်ဦးတို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

## ငပုတောမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စု လူဦးရေစာရင်းများ ဆောင်ရွက်ပေး



ငပုတော ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများအား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ငပုတောမြို့နယ် သမ္မဒေဝ ကျေးရွာအုပ်စုတွင် ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ငပုတောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဆောင်သော ဝန်ထမ်းများက ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိနေသော ကျေးရွာအုပ်စုများကိုလည်း ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ငပုတောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းနှင့် Unique ID ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်သို့ တက်ရောက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

နေပြည်တော် ဇူလိုင် ၉

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ချင်းတောင်လေဆိပ်မှ လေကြောင်းခရီးဖြင့် ကူမင်းမြို့သို့ထွက်ခွာရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ စစ်သံမှူး ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်၊ ချင်းတောင်မြူနီစီပယ်ဒေသ တရုတ်ကွန်မြူနစ်ပါတီ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် မစ္စ လင်ပင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ည ၈ နာရီ ၁၅ မိနစ်တွင် ကူမင်းမြို့သို့ရောက်ရှိကြရာ ယူနန်ပြည်နယ်ပြည်သူ့အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာကျန်းရှစ်ကျင်း (Mr.Zhang Shijin)၊ ကူမင်းကောင်စစ်ဝန်ချုပ် ဦးသွင်ထက်လင်းနှင့် တာဝန်ရှိသူများက ကူမင်းလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် ကူမင်းမြို့မှ ဆက်လက်ထွက်ခွာရာ ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများလည်း ပြန်လည်လိုက်ပါလာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသား တောင်သူများအတွက် သွင်းအားစုနှင့် လက်ဆွဲကောက်စိုက်စက်များ ပေးအပ်ပွဲ ကျင်းပ

ပဲခူး ဇူလိုင် ၉

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသား တောင်သူများအတွက် သွင်းအားစုနှင့် လက်ဆွဲကောက်စိုက်စက်များ ပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

## ရှင်းလင်းပြောကြား

ယင်းနောက် ပဲခူးတိုင်းဒေသကြီးသမဝါယမဦးစီးမှူးက တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသား တောင်သူများအတွက် လက်ဆွဲကောက်စိုက်စက်နှင့် ဓာတ်မြေဩဇာသွင်းအားစု ထောက်ပံ့ပေးရခြင်းအပေါ် ရှင်းလင်းပြောကြားသည်။




ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာယာဝတီခရိုင်နှင့် နတ်တလင်းခရိုင်အတွင်းရှိ သမဝါယမ အသင်းသားတောင်သူများအတွက် လက်ဆွဲကောက်စိုက်စက်နှင့် ဓာတ်မြေဩဇာသွင်းအားစုများအား ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းနောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ပဲခူးခရိုင်အတွင်းရှိ သမဝါယမအသင်းသားတောင်သူများအတွက်လည်းကောင်း၊ စီးပွားရေးရာဝန်ကြီးက ညောင်လေးပင်ခရိုင်အတွင်းရှိ သမဝါယမအသင်းသားတောင်သူများအတွက်လည်းကောင်း၊ သယံဇာတရေးရာဝန်ကြီးက တောင်ငူခရိုင်အတွင်းရှိ သမဝါယမအသင်းသား တောင်သူများအတွက်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြည်ခရိုင်အတွင်းရှိ သမဝါယမအသင်းသား တောင်သူများအတွက် လက်ဆွဲကောက်စိုက်စက်နှင့် ဓာတ်မြေဩဇာသွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ညောင်လေးပင်မြို့နယ် ရဲနွယ်စိုက်ပျိုးထုတ်လုပ်မှုသမဝါယမအသင်း ဒုတိယဥက္ကဋ္ဌက လက်ဆွဲကောက်စိုက်စက် အသုံးပြု၍ စိုက်ပျိုးခဲ့သည့် နွေစပါးစိုက်ပျိုးရာသီတွင် ရရှိခံစားခဲ့ရသည့် အကျိုးကျေးဇူးများနှင့် ပဲခူးမြို့၊ ရှမ်းရွာကြီးကျေးရွာ အထွေထွေစိုက်ပျိုးထုတ်လုပ်မှု သမဝါယမအသင်းသား ဦးအောင်နိုင်ထွန်းက ဓာတ်မြေဩဇာသွင်းအားစုနှင့် လက်ဆွဲကောက်စိုက်စက် ထောက်ပံ့ပေးအပ်ခဲ့မှုပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာသည့် သမဝါယမ အသင်းသား တောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မိုးစပါးစီမံကိန်း ဆောင်ရွက်သည့် မြို့နယ် ၂၅ မြို့နယ်မှ အသင်း ၁၉၁ သင်း၏ မိုးစပါးစိုက်ဧက ၄၀၀၀၀ အတွက် ဓာတ်မြေဩဇာသွင်းအားစုတန်ဖိုး ကျပ်သန်း ၈၀၀၀၊ လက်ဆွဲကောက်စိုက်စက် အစီး၄၀ တန်ဖိုး ကျပ် ၁၄၄ သန်း ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဇီးကုန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်

ဇီးကုန်း ဇူလိုင် ၉

ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွားစေရန်နှင့် အကျင့်စာရိတ္တကောင်းမွန်စေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ယနေ့နံနက်ပိုင်းက ထန်းတပင်ရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ အသိပညာပေးဟောပြောခြင်း၊ ပုံပြင်ပြောခြင်း၊ စက္ကူပြဇာတ်ဖြင့် ပုံပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာမာဦးက (၇၇)နှစ်မြောက် အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အာဇာနည်နေ့ ဖြစ်ပေါ်လာပုံသိကောင်းစရာ၊ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းမှတ်တမ်းများ၊ နေ့ထူးနေ့မြတ်များအကြောင်းကို ဟောပြောဆွေးနွေးကာ ဒုတိယဦးစီးမှူး ဒေါ်ရီရီမြင့်က စက္ကူပြဇာတ်နှင့် ပုံပြင်ပြောခြင်းများ ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ၊ လူငယ်၊ လူရွယ်များက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေးအသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီ ညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဒါဘာ ဒက်ဘ်အီးလ် ဟွန်းဒ် ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၉

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တိုကျိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သည့် မစ္စတာ ဒါဘာ ဒက်ဘ်အီးလ် ဟွန်းဒ်ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား တိုကျိုမြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အီသီယိုပီးယားဖက်ဒရယ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ် တာဝန်ပေးအပ်ခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မစ္စတာ ဒါဘာ ဒက်ဘ်အီးလ်ဟွန်းဒ်က ၎င်း၏ သံအမတ်ခန့်အပ်လွှာ မိတ္တူကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးထံသို့ ပေးအပ်သည်။

ဆက်လက်၍ မြန်မာ-အီသီယိုပီးယား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည်လည်း မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သည့် မစ္စတာ ဒါဘာ ဒက်ဘ်အီးလ် ဟွန်းဒ်အား နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။ **သတင်းစဉ်**

## မော်လမြိုင်မြို့နယ်၌ အတည်ပြုလူဦးရေစာရင်းများ အချိန်မီပေးပို့နိုင်ရေး စိစစ်ဆောင်ရွက်

မော်လမြိုင် ဇူလိုင် ၉

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တွင် မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့် အချက်အလက်များမှ အတည်ပြုလူဦးရေစာရင်းများ အချိန်မီပေးပို့နိုင်ရေးအတွက် စိစစ်ဆောင်ရွက်ခြင်းအား ဇူလိုင် ၈ ရက်တွင် မော်လမြိုင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မွန်ပြည်နယ်ဦးစီးမှူးရုံးမှ ပြည်နယ်ဦးစီးမှူး ဦးမြတ်သွင်၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်ထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ယုတို့ ကြည့်ရှုကြပ်မတ်စစ်ဆေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရခြင်း မရှိသေးသူများအား ပန်းခင်းစီမံချက် (၃)ဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Mongkol Visitstump အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းသား သမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်



နေပြည်တော် ဇူလိုင် ၉

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ သား သမီးများအား ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော ဝန်ထမ်းသား သမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဆုရရှိသည့် ဝန်ထမ်းသား သမီးများ စုံညီစွာ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာအကြီးတာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်အထိ တက်ရောက် ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၃၂ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ကာ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူ လေးဦးကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ထမ်းသား သမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၉

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနရှိဝန်ထမ်းများ၏ သား၊သမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ ဂုဏ်ထူးရ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အတွက် ထူးချွန်သောလူငယ်များစွာ ပေါ်ထွန်းလာရေး ရည်ရွယ်၍ ယခုကဲ့သို့ ထူးချွန်စွာအောင်မြင်ခဲ့မှု၊ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြု ဂုဏ်ပြုခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ပညာရည်တိုးတက်မြင့်မားရေး အမျိုးသားရေးမျှော်မှန်းချက်ချမှတ်ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုကို ခေတ်နှင့်လျော်ညီစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဘက်စုံထူးချွန်ထက်မြက်ပြီး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် စီမံဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းသားလူငယ်များအနေဖြင့် ဘဝတက်လမ်းများ ပွင့်လင်းစေပြီး ပညာဗဟုသုတများ ရှာဖွေဆည်းပူးနိုင်မည့် အခွင့်အလမ်းများစွာ ရရှိနေပြီဖြစ်ကြောင်း။

ယခုကဲ့သို့အောင်မြင်မှုများကို အခြေခံပြီး အရည်အသွေးမြင့်မားသည့် ပညာရပ်များကို ဆက်လက်ကြိုးစားသင်ယူ ဆည်းပူးသွားကြရန်နှင့် ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကောင်းကျိုးနှင့် ဆိုးကျိုးများကို ပညာဖြင့် သိမြင်ပြီး အမှား၊ အမှန် ချင့်ချိန်ခွဲခြားအသုံးချတတ်ရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်က အားကိုးအားထားပြုရသည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဘာသာစုံဂုဏ်ထူးရှင်များ၊ ဂုဏ်ထူးများနှင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုဆုနှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်ပြီး ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မမေသံသာဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့်အတူ နံနက်စာအတူတကွ သုံးဆောင်သည်။ ယင်းနောက် ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများသည် နေပြည်တော်ရှိ ကျောက်မျက်ပြတိုက်အား ကြည့်ရှုလေ့လာပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ခြောက်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၀ အပါအဝင် စုစုပေါင်း အောင်မြင်သူ ၂၁၆ ဦးဖြစ်ပြီး ၇၃ ရာခိုင်နှုန်းအောင်မြင်ခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မဏိရတနာကျောက်စိမ်းခန်းမ၌ ပြုလုပ်သော မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီတို့၏ ဇွန်လအတွင်း ပုလဲဖော်ယူခြင်းမှရရှိသော ပုလဲလုံးရေ စုစုပေါင်း ၁၄၉၄၅၅ လုံး အချိုးခွဲဝေဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရမည်းသင်း၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲကျင်းပ



ရမည်းသင်း ဇူလိုင် ၉

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရမည်းသင်းမြို့နယ် ဦးစီးဌာနမှူးရုံးက ကြီးမှူး၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ် အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၈ ရက် နံနက်၉နာရီက ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်းရတနာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ရမည်းသင်းခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူး ဦးသိန်းထိုက်က သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက သန်းခေါင်စာရင်းကောက်ယူရေးအသင်းအဖွဲ့များ၏ သန်းခေါင်စာရင်း ကောက်ယူမှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ရှင်းလင်းကာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

# အပျော်စီးသင်္ဘောသားများအတွက် လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ အခမဲ့သင်တန်းဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၉

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်မှကြီးမှူးပြီး အပျော်စီးသင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်မည့် သင်္ဘောသားများအတွက် လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ အခမဲ့သင်တန်း အမှတ်စဉ်(၂)ကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ရုံးတွင် ဖွင့်လှစ်ခဲ့သည်။



"အပျော်စီး သင်္ဘောပေါ်မှာ တာဝန်ထမ်းဆောင်ကြမယ့် အမျိုးသား၊အမျိုးသမီးသင်္ဘောသားတွေအတွက်အခြေခံသိသင့်သိထိုက်တဲ့ အင်္ဂလိပ်စာသင်တန်းအပတ်စဉ် (၂)ကို ဖွင့်လှစ်တာဖြစ်ပါတယ်။ လက်ရှိ ပြည်တွင်းသင်္ဘောသားလောက အပျော်စီးသင်္ဘောတွေမှာ အမျိုးသား၊ အမျိုးသမီးတွေ သင်္ဘောလိုက်တဲ့အခါ အရေအတွက်လည်း နည်းပါးသေးပါတယ်။ အခုမှဖွံ့ဖြိုးခါစအနေအထား ဖြစ်တဲ့အတွက် သင်္ဘောပေါ်မှာ အသုံးပြုရတဲ့ ဘာသာစကားကို လက်ရှိအတွေ့အကြုံရှိတဲ့သူတွေက သင်ကြားပို့ချပေးတာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးဟုတ်စွမ်က ပြောသည်။

လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာ အခမဲ့သင်တန်းကို ဝါရင့်အတွေ့အကြုံရှိ ဆရာမ ဒေါ်ချိုချိုပြုံးက အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ သင်တန်းသားဦးရေ ၄၀ ကို သင်ကြားပို့ချ ပေးမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်က အင်္ဂလိပ်စာ အခမဲ့သင်တန်းအပြင် ကုန်းပတ်သင်္ဘောသား အခြေခံလက်တွေ့ သင်တန်းကိုလည်း အခမဲ့ပို့ချ ပေးလျက်ရှိကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ လှူဒါန်းသော Kiosk တစ်လုံး၊ ကြေးမောင်းတစ်လုံးနှင့် သံမောင်းတစ်လုံး ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ၄၃ လက်မ Kiosk တစ်လုံး၊ ၁၈ လက်မ သံမောင်း တစ်လုံးနှင့် ၁ ဒသမ ၅ ပိဿာရှိကြေးမောင်းတစ်လုံးတို့ အား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပက အဖွဲ့ထံ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ရှင်းလင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက Kiosk တစ်လုံး နှင့် မောင်းနှစ်လုံး လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား ဘုရားဖူးပြည်သူများ ကြည့်ရှုလေ့လာ နိုင်ရန်နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတကာအဆင့်မီ ဒစ်ဂျစ်တယ်ခေတ်မီနည်းစနစ် များဖြင့် ပြသနိုင်ခြင်းဖြင့်ပြည်သူလူထုနှင့် ကမ္ဘာ့လှည့် ခရီးသွားများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၄၃ လက်မ Kiosk တစ်လုံးအား လှူဒါန်းရခြင်းဖြစ် ကြောင်း၊ မသိုးသက်န်း ရက်လုပ်လှူဒါန်းရာတွင် ရက်ကန်းပြိုင်ပွဲ၌ အသုံးပြုရန်အတွက် ၁၈ လက်မ သံမောင်းတစ်လုံးနှင့် ၁ ဒသမ ၅ ပိဿာရှိကြေးမောင်း တစ်လုံးတို့အား လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြား သည်။

ထို့နောက် တန်ဖိုးငွေကျပ် ၆၄၇၃၉၀၀ ရှိသည့် Kiosk တစ်လုံး၊ သံမောင်း တစ်လုံးနှင့် ကြေးမောင်း တစ်လုံးတို့နှင့်ပတ်သက်သည့် စာရွက်စာတမ်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်



ဦးသန့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြန်လည် ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများ လှည့်လည်ကြည့်ရှုအားပေး

**ရန်ကုန် ဇူလိုင် ၉**



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ဒုတိယညွှန်ကြားရေး မှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စက္ကော့ကျေးရွာ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းသို့သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများ ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသ ကြီးဝန်ကြီးချုပ်တို့က ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ဆီနှင့် အခြေခံ စားသောက်ကုန်ပစ္စည်းများကို ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်တုန်းမြို့နယ် ကြိမ်ပင်ဆယ်ကျေးရွာ အခြေခံ ပညာအထက်တန်းကျောင်း၊ ပန်းတနော်မြို့နယ် အကယ်ချောင်းကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ)၊ ပန်းတနော်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ ကန်ကြီးထောင့်မြို့ အခြေခံ ပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်း ကျောင်းများသို့ရောက်ရှိပြီး ကျောင်းဥပဓိရုပ် ကောင်းမွန်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှု အားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်း ဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်း ကျောင်းသို့ရောက်ရှိပြီး ကျောင်းဥပဓိရုပ် ကောင်းမွန် ရေး၊ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး ပြီး ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာ သင်ကြားနေမှုများကို ကြည့်ရှု၍ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန် ရှိသူများသည် အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်း၊ အမှတ်(၃)အခြေခံပညာ အထက်တန်း ကျောင်းနှင့် အမှတ်(၁၁)အခြေခံပညာအထက်တန်း ကျောင်းများသို့သွားရောက်၍ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းဥပဓိရုပ်များ ကောင်းမွန်ရေး၊ ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည် ရေးနှင့် သန့်ရှင်းသာယာရေးတို့အတွက် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ကျောင်းသားမိဘများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်လတ်မြို့နယ်၌ အခွန်ပညာပေး ရှင်းလင်းပွဲကျင်းပ

**ကျိုက်လတ် ဇူလိုင် ၉**

ဧရာဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် အခွန်ကောက်ခံ မှု အထောက်အကူပြုအဖွဲ့နှင့် မြို့နယ်တွင်းမှ အခွန်ထမ်းပြည်သူ များ တွေ့ဆုံကာ အခွန်ပညာပေး ရှင်းလင်းပွဲ အခမ်းအနားကို ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခွေဝါလတ်ခန်းမ၌ ကျင်းပ ဆောင်ရွက်ခဲ့သည်။

တွေ့ဆုံ ဆွေးနွေးရာတွင် မြို့နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်း အောင်က အခွန်ဘဏ္ဍာငွေများ ပြည့်ဝစွာရရှိရေးအတွက် အခွန် စည်းကြပ်ကောက်ခံမှု လုပ်ငန်း များ ကြီးကြပ်ပံ့ပိုးဆောင်ရွက်နိုင် ရန်အတွက် မိမိတို့အနေဖြင့် အခွန် ကောက်ခံမှု အထောက်အကူပြု အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ထား ကြောင်း၊အထောက်အကူပြုအဖွဲ့ အနေဖြင့် လုပ်ငန်းရှင်အခွန်ထမ်း များထံမှ စည်းကြပ်တောင်းခံသည့် အခွန်များ၊ လစဉ်၊ နှစ်စဉ်ပေးသွင်း ရမည့် အခွန်များ အပြည့်အဝ ကောက်ခံရရှိရေး သက်ဆိုင်ရာ ဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

**ပြန်လည်ရှင်းလင်းဖြေကြား**

ထို့နောက် မြို့နယ်အခွန်ဦးစီး ဌာနမှူး ဦးရဲဝင်းက အခွန်ထမ်း ပြည်သူများအား အခွန်အမျိုး အစားများ၊ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက် များ၊ ပြေစာများပေါ်တွင် အခွန် အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချ ရန် ပျက်ကွက်သည့် လုပ်ငန်းရှင် များအား လိုက်နာဆောင်ရွက်မှု မရှိ ပါက ကြုံတွေ့ရမည့် ပြစ်မှုပြစ်ဒဏ် များအား ရှင်းလင်းပြောကြားခဲ့ ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာ ကြသော အခွန်ထမ်းများက သိလို သည်များကို မေးမြန်းရာ တာဝန်ရှိ သူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော်နည်းပညာတက္ကသိုလ်၏ မိုးရာသီအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဇမ္ဗူသီရိ ဇူလိုင် ၉**



သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီး ဌာန နေပြည်တော်နည်းပညာ တက္ကသိုလ်၏ ၂၀၂၃-၂၀၂၄ ပညာ သင်နှစ် မိုးရာသီအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ပိုင်းက နေပြည်တော် နည်းပညာ တက္ကသိုလ် ဖူဆယ်ဘောလုံးကွင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းသူများက ပန်းဖွားအက၊ Sports Dance အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ ပြီး အမျိုးသမီးဖူဆယ်အသင်း နှစ်သင်း၏ ပါဝင်ယှဉ်ပြိုင်မှုများ ကို နေပြည်တော်နည်းပညာ တက္ကသိုလ် ဒုတိယပါမောက္ခချုပ် နှင့် ဆရာ ဆရာမများ၊ ဝန်ထမ်း များ၊ ကျောင်းသား ကျောင်းသူများ က ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ မိုးရာသီအားကစား ပြိုင်ပွဲကို ဇူလိုင် ၉ ရက်မှ ၁၄ ရက် အထိ ကျင်းပသွားမည်ဖြစ်ပြီး အားကစားနည်းများ အနေဖြင့် ဖူဆယ်ဘောလုံး အားကစားနည်း နှင့် e-Sports အားကစားနည်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းသူအောင်(ပြန်/ဆက်)**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံ

## FIFA International Women "A" Friendly Matches ပြိုင်ပွဲသို့ တက်ရောက်အားပေး

**ရန်ကုန် ဇူလိုင် ၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်း အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) သို့ရောက်ရှိပြီး အမျိုးသမီးလေးထပ်အိပ်ဆောင်ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

**တွေ့ဆုံနှုတ်ဆက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) စားရိပ်သာ၌ သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး နေ့လယ်စာကို အတူတကွ သုံးဆောင်သည်။



အဆိုပါ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) တွင် အားကစားနည်း ၁၇ နည်းကို လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ ရခိုင်နှင့် နေပြည်တော်တို့မှ သင်တန်းသား သင်တန်းသူ ၂၅၄ ဦးကို နိုင်ငံတော်က အလုံးစုံအကုန်အကျခံ၍ အားထားရသည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာအောင် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr. Abhay Thakur ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့နှင့်အတူ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းသို့ရောက်ရှိပြီး FIFA International Women "A" Friendly Matches ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးအသင်းအား တွေ့ဆုံကာ မိမိတို့၌ရှိသည့် အစွမ်းအစများနှင့် နည်းပြများ၏ သင်ကြားပြသထားသော နည်းစနစ်ဗျူဟာများကိုအသုံးချပြီး အောင်မြင်မှုရရှိအောင် ကြိုးစားကြရန်၊ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် အားကစားကို ချစ်မြတ်နိုးပြီး ဘောလုံးအားကစား ထွန်းပေါက်အောင်မြင်လာအောင် ကြိုးစားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြပြီး မြန်မာအသင်းက အိန္ဒိယအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ-ရုရှားနှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်သည့် မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများသေနတ်ပစ်ပြိုင်ပွဲကို ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ရှိ မီတာ ၆၀၀ အာဆီယံစက်ပစ်ကွင်း၌ ဇူလိုင် ၇ ရက်မှ ၉ ရက်အထိ ကျင်းပသည်။

**တက်ရောက်**

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံးမှ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်နှင့် အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ရုရှားနိုင်ငံ ရုရှားတပ်မတော် သေနတ်ပစ်အသင်းမှ အဖွဲ့ခေါင်းဆောင် Major Mikhail GLADYSHEV၊ နည်းပြအရာရှိများနှင့် ပြိုင်ပွဲဝင်ဗိုလ်လောင်းများ တက်ရောက်ကြသည်။



ဖွင့်ပွဲအခမ်းအနားတွင် အလံတော်အဖွဲ့က မြန်မာ-ရုရှား နှစ်နိုင်ငံအလံကို စက်ပစ်ကွင်းအတွင်းသယ်ဆောင်ကာ နှစ်နိုင်ငံအလံအား လွှင့်ထူပြီး အလေးပြုကြကာ အခမ်းအနားကို ဖွင့်လှစ်သည်။ ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများဖြစ်ကြသော မြန်မာ-ရုရှားနှစ်နိုင်ငံ ဗိုလ်လောင်းများသည် သေနတ်ပစ်ပြိုင်ပွဲ အခမ်းအနားကျင်းပရာ စက်ပစ်ကွင်းအတွင်း နေရာယူကြပြီး ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်က အဖွင့်အမှာစကားပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မီတာ ၃၀၀ ဗိုလ်လောင်းရိုင်ဖယ်ပစ်ပြိုင်ပွဲ၊ ၂၅ မီတာ ဗိုလ်လောင်းပစ္စတိုပစ်ပြိုင်ပွဲတွင် အသင်းလိုက်ပစ်ခတ်စဉ်များ၊ တစ်ဦးချင်းပစ်ခတ်စဉ်များဖြင့် ပြိုင်ပွဲအမျိုးအစားအလိုက် သုံးရက်ကြာ ယှဉ်ပြိုင်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများနှင့် အသင်းလိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာပြီး နှစ်နိုင်ငံတာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်ဗိုလ်လောင်းများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ မြန်မာ-ရုရှားနှစ်နိုင်ငံ အလံအား အလံတော်အဖွဲ့က အလံချအခမ်းအနားပြုလုပ်ပြီး ပြိုင်ပွဲကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အဆိုပါ မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကို မြန်မာ-ရုရှားနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်စေရန်၊ နှစ်နိုင်ငံဗိုလ်လောင်းများ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်နှင့် နှစ်နိုင်ငံ သေနတ်ပစ်အားကစားနည်းစနစ် ဖလှယ်နိုင်ရန်အတွက် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲသို့ တက်ရောက်လာကြသော ရုရှားသေနတ်ပစ်အသင်းမှ အဖွဲ့ခေါင်းဆောင် Major Mikhail GLADYSHEV နှင့် နည်းပြအရာရှိများ၊ ပြိုင်ပွဲဝင်ဗိုလ်လောင်းများသည် ဗထူးတပ်မြို့သို့ရောက်ရှိစဉ် စူဠာမုနိကုသိုလ်တော်ဘုရား၊ ဗထူးစမ်းနှင့် ရပ်စောက်မြို့မဈေးသို့ သွားရောက်လေ့လာကြကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်တံခွန်တံတား ဆောင်ရွက်ပြီးစီးမှု တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ကျိုက်လတ် ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ဖောင်ရိုးချောင်းကျေးရွာအုပ်စုနှင့် မော်လမြိုင်ကျွန်းမြို့နယ် တံခွန်တိုင်ကျုံဝါးကျေးရွာအုပ်စုသို့ ဆက်သွယ်သော အောင်တံခွန်ဘေလီသံပေါင်တံတား ပေ ၃၂၀ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယမန်နေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့စစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်၊ စစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွန်း၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)ဦးမင်းသိန်း၊ ရုံးချုပ်တံတားတည်ဆောက်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ဇော်မင်းနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဘေလီသံပေါင်ထောက်ပံ့ပေးခြင်းတို့ဖြင့် ရုံးချုပ်တံတားတည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်သော အောင်တံခွန်ဘေလီ သံပေါင်တံတား ပေ ၃၂၀ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါတံတား ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၃၂ ရွာ၊ အိမ်ထောင်စု ၃၄၄၂ စု၊ လူဦးရေ ၁၄၇၉၄ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ **၂၀၇**





# ကျွန်းစုမြို့နယ် သမဝါယမအသင်းစု၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ကျွန်းစု ဇူလိုင် ၉**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၂-၂၀၂၃ ခုနှစ်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၇ ရက်တွင် မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

နှစ်ပတ်လည်အစည်းအဝေးတွင် သဘာပတိ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဖေမြင့်ကြည်၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်အဖွဲ့ဝင်ဦးလှကြည်နှင့် ကျွန်းစုမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်စိမ့်ထွန်းတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် အသင်းစု၏ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းကို တာဝန်ရှိသူများက ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းဝင်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေး၍ အတည်ပြုချက်ရယူခြင်းများကို ဆောင်ရွက်ကြပြီး အစည်းအဝေးသဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၉-၇-၂၀၂၄)၊ ည (၁၀:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၉-၇-၂၀၂၄)ရက်နေ့၊ နံနက် (၆:၀၀)နာရီ မှ ည(၆:၀၀)နာရီအထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက် ကုသသူလူနာသစ် ၆၄ ဦးရှိခဲ့ပြီး ၎င်းတို့အနက် ခုနစ်ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသူလူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၉-၇-၂၀၂၄)ရက်နေ့၊ ညနေ (၆:၀၀)နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သောလူနာ စုစုပေါင်း ၁၃၀ အား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ဖြစ်ပွားမှုမှာ စတင်လျော့ကျလျက်ရှိကြောင်းနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ရန်ကုန်တိုင်းဒေသကြီးတွင် လတ်တလောဖြစ်ပွားလျက်ရှိသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဦးစီးဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သင်ကြားရေးစင်တာရှိ အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများမှ ဆေးရုံအုပ်ကြီးများ၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ ကုသရေးဆိုင်ရာဌာနများမှ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လတ်တလောဖြစ်ပွားနေသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါလူနာများ ပုဂ္ဂလိကဆေးရုံများအပါအဝင် ဆေးရုံအားလုံး၌ ဆေးရုံတင်ကုသရာတွင် ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များ၊ လူနာများနှင့် လူနာရှင်များ လိုက်နာရမည့် စည်းကမ်းများ၊ ဆေးရုံများ၏ ရောဂါပိုးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ သတိထား ဆောင်ရွက်ရန်နှင့် ဆေးရုံတက်လူနာများ၏ အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနထံသို့ သတင်းပေးပို့ရန် အရေးကြီးမှုကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံအသင်း ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့သည် အဆိုပါ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ဆန်းစစ်သုံးသပ် ဆွေးနွေးသည့် အစည်းအဝေးပွဲသို့ တက်ရောက်ပြီး မြို့နယ်တစ်ခုချင်းစီအလိုက် ဖြန့်ဝေပေးထားသော ရေသန့်ဆေးပြားများ၊ Bleaching Powder စသည့် ပစ္စည်းများကို ပြည်သူများထံ သေချာစွာ ရောက်ရှိစေရေး၊ ထိတွေ့သူများကို Contact Treatment ဆောင်ရွက်ရေး၊ ရောဂါပိုးပျံ့နှံ့မှု တားဆီးရေးစသည့်လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ရန် မှာကြားကာ မြို့နယ်များ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်/ဆေးရုံအုပ်ကြီး၊ အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းနည်းပညာအကြံပေးအဖွဲ့ဝင် ဒေါက်တာ စိုးလွင်ငြိမ်း (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအားလုံးတွင် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ ကလိုရင်းဆေးခတ်ခြင်း၊ ရေသန့်ဆေးပြားများ ဖြန့်ဝေခြင်း၊ ကျန်းမာရေးအသိပညာပေး ပိုစတာများကပ်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပတ်ဝန်းကျင်/လုပ်ငန်းခွင် ကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများကလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အားလုံးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးမှူးရုံးအဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် အခြေခံကျန်းမာရေးဝန်ထမ်းများအား ရေသန့်စင်သည့် နည်းစနစ်များကို စာတွေ့လက်တွေ့ သင်ကြားပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အထက(အင်္ဂပူ)တွင် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေး ဟောပြော

**အင်္ဂပူ ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အထက(အင်္ဂပူ) ၄ရွှေဝါခန်းမ၌ ယနေ့နံနက်ပိုင်းက ဝမ်းပျက် ဝမ်းလျှောရောဂါ အကြောင်း အသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့သည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး အင်္ဂပူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးပပစိုးရည်က ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားရခြင်းအကြောင်းနှင့် ရောဂါလက္ခဏာများ၊ အရေးပေါ်ကာကွယ် ကုသနည်းများအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# အောင်မင်္ဂလာဈေး သမဝါယမအသင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၉**

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တွင် အောင်မင်္ဂလာဈေး သမဝါယမအသင်း လီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက အသင်းရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အောင်မင်္ဂလာဈေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရည်ရည်မွန်တို့က အမှာစကားပြောကြားကာ အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအား အမှုဆောင်အဖွဲ့ဝင်က ဖတ်ကြားခဲ့သည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများအား အဆိုပြုခြင်း၊ ထောက်ခံခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ‘ဝင်ငွေတိုးစီမံကိန်းများ’ ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားလာစေမည် .....

မောင်ကျော်မိုး(SSID)

မိမိတို့နိုင်ငံတွင် ကျေးရွာပေါင်း ၆၄၀၀၀ ကျော်ရှိပြီး ပြည်သူများ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိကြပါသည်။ သို့ဖြစ်၍ မိမိတို့နိုင်ငံတိုးတက်ဖို့ဆိုပါက ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယခင်ရှိခဲ့ပြီးသော သမဝါယမဝန်ကြီးဌာနအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပေါင်းစပ်လျက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအဖြစ် ဖွဲ့စည်း၍ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှစတင်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားရေးကို အဓိကဦးတည်၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းမှ (ဝင်ငွေတိုးစီမံကိန်း)အား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စီမံကိန်းကျေးရွာ ၁၅၁ ရွာကို ရွေးချယ်၍ ရှေ့ပြေးစမ်းသပ်ခြင်း Pilot Project အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်မူ စီမံကိန်းကျေးရွာ ၂၁၂ ရွာကို တိုးချဲ့၍ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားလာစေရေးအတွက် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လာနိုင်သည်အထိ အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။




ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သင်တန်းဆင်းလုပ်ငန်းထူထောင်မည့်သူတစ်ဦးအား လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးစဉ်။

> ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စီမံကိန်းကျေးရွာ ၁၅၁ ရွာကို ရွေးချယ်၍ ရှေ့ပြေးစမ်းသပ်ခြင်း Pilot Project အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်မူ စီမံကိန်းကျေးရွာ ၂၁၂ ရွာကို တိုးချဲ့၍ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားလာစေရေးအတွက် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လာနိုင်သည်အထိ အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိ

**စီမံကိန်းဆောင်ရွက်ပေးခြင်း၏ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်**

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်နှင့်အညီ သမဝါယမကဏ္ဍနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ စနစ်တကျထွန်းကားစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်ပေးခြင်းဖြင့် မြို့ပြနှင့် ကျေးလက်များအကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေး မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြပြီး ကျေးလက်နေပြည်သူများ၏ နေ့စဉ်ဖြတ်သန်းနေရသော လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိပါသည်။

မြန်မာနိုင်ငံရှိ MSME လုပ်ငန်းအများအပြား၏ တိုးတက်မှုအတွက် အဓိကအတားအဆီးသည် ရင်းနှီးမတည်ငွေ အထောက်အပံ့ရရှိရန်ဖြစ်သည်ကိုလည်း တွေ့ရှိရပါသည်။ အသေးစားကုန်ထုတ်လုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ကျေးလက်နှင့် မြို့ပြနေပြည်သူများ၏ ဝင်ငွေတိုးပွားရေးကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်သဖြင့် အဆိုပါစီမံကိန်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း စီမံကိန်းဆောင်ရွက်ရခြင်း၏ အဓိကရည်ရွယ်ချက်ကိုလည်း သိရှိရပါသည်။

မြို့ပြနှင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ လိုအပ်ချက်များ များပြားသည့်အတွက် ရရှိနိုင်သော လူအား၊ ငွေအား၊ ပစ္စည်းအား အရင်းအမြစ်များအပေါ်မူတည်၍ ထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ရန်အတွက် ဦးစားပေးအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေး ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းများ ရွေးချယ်ရာတွင်နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသော စီးပွားရေးဦးတည်ချက်များနှင့်အညီ ဖြစ်စေရန်လည်း အလေးထားဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

အခြားရည်ရွယ်ချက်များအနေဖြင့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု စီမံကိန်းဖော်ဆောင်ပေးခြင်းဖြင့် အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရန်၊ ခေတ်မီစံပြကျေးရွာများရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားစေရန်၊ အမျိုးသမီးများနှင့် လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းဖြင့် ပြည်သူများဝင်ငွေတိုးပွားစေရန်၊ ဘေးဒဏ်သင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးနိုင်စေရန်၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုနည်းပညာများပံ့ပိုးပေးခြင်းဖြင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဘိန်းအစားထိုးကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအားဖြင့် ဘိန်းစိုက်ပျိုးမှုလျော့နည်းပပျောက်စေပြီး ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်နှင့် အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကြောင်းလည်း သိရှိရပါသည်။

**စီမံကိန်းတွင် ပါဝင်သော ဦးတည်လုပ်ငန်းနယ်ပယ် (၇) ရပ်**

စီမံကိန်း၌ ဦးတည်လုပ်ငန်းနယ်ပယ် (၇) ရပ်ထားရှိပြီး အဆိုပါနယ်ပယ်(၇)ရပ်မှာ ဒေသတစ်ခုထုတ်ကုန်တစ်ခု ဆောင်ရွက်မည့်လုပ်ငန်း၊ ခေတ်မီစံပြကျေးရွာဖော်ဆောင်၍ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးရေး ဆောင်ရွက်မည့်လုပ်ငန်း၊ လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးနိုင်ရေး ဆောင်ရွက်မည့်လုပ်ငန်း၊ အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး ဆောင်ရွက်မည့်လုပ်ငန်း၊ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေး ဆောင်ရွက်မည့်လုပ်ငန်း၊ ဘေးဒဏ်သင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရေး ဆောင်ရွက်မည့်လုပ်ငန်း၊ ဘိန်းစိုက်ပျိုးသည့်မြို့နယ်များတွင် အစားထိုးအသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေး ဆောင်ရွက်မည့်လုပ်ငန်းများဖြစ်ကြောင်း သိရှိရပါသည်။

**ဒေသတစ်ခု ထုတ်ကုန်တစ်ခု ဆောင်ရွက်မည့်လုပ်ငန်း**မှာ ပြည်တွင်းဈေးကွက်၌ အရည်အသွေးပြည့်မီသော ထုတ်ကုန်ပစ္စည်းများအား သက်သာသောနှုန်းထားဖြင့် ပြည်သူများအတွက် ရောင်းချနိုင်ရေး၊ မိရိုးဖလာလုပ်ငန်းများ အပါအဝင် ဒေသထွက် ကုန်ကြမ်းပစ္စည်းများအပေါ် အခြေခံ၍ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ **ခေတ်မီစံပြကျေးရွာဖော်ဆောင်၍ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးရေးဆောင်ရွက်မည့်လုပ်ငန်း**မှာ ခေတ်မီစံပြကျေးရွာများရှိ ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးရေး ဆောင်ရွက်ရာတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းပေးခြင်း၊ လုပ်ငန်းထူထောင်ပေးခြင်းနှင့် ကျေးရွာသူ ကျေးရွာသားများ ဝင်ငွေတိုးပွားအောင် ဆောင်ရွက်ပေးခြင်းတို့ကို အဓိကထား ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

**လူငယ်များ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး ဆောင်ရွက်မည့်လုပ်ငန်း**မှာ ကျေးလက်ဒေသရှိ ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားနိုင်မှုမရှိသော လူငယ်လူရွယ်များအား အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်ရန်အတွက် အတတ်ပညာများ သင်ကြားပေးခြင်း၊ သင်တန်းဆင်း လူငယ်လူရွယ်များအား အလုပ်အကိုင်ရရှိစေရန်နှင့် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။ **အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးဆောင်ရွက်မည့်လုပ်ငန်း**မှာ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် နိုင်ငံ၏ GDP မြင့်မားလာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည့်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများ ရောင်းလိုအားမြင့်တက်နိုင်ရန် အရည်အသွေးပြည့်မီသော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာပေးသင်တန်းများကို ဖွင့်လှစ်ပေးမည်ဖြစ်ပြီး လုပ်ငန်းများ ထူထောင်နိုင်ရန်အတွက်လည်း လိုအပ်သည့်အရင်းအနှီးနှင့် လုပ်ငန်းသုံးပစ္စည်းများ ရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ဈေးကွက်၊ နည်းပညာများရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

**အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေး ဆောင်ရွက်မည့်လုပ်ငန်း**မှာ အိမ်ထောင်စုတစ်စု၌ အမျိုးသမီးအများစုသည် မှီခိုသူများဖြစ်ကြ၍ အိမ်မှုကိစ္စရပ်များဖြင့် နေအိမ်အတွင်း၌သာ အချိန်ကုန်ပြီး မိသားစုဝင်ငွေ လုံလောက်မှုမရှိသည့် ပြဿနာများ ကြုံတွေ့နေရသည့်အတွက် အမျိုးသမီးများ အိုးမကွာ အိမ်မကွာဖြင့် ဝင်ငွေရှာဖွေရေး ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ **ဘေးဒဏ်သင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရေး ဆောင်ရွက်မည့်လုပ်ငန်း**မှာ အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လက်အောက်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးကော်မတီကို ဖွဲ့စည်းထားရှိရာ အဆိုပါကော်မတီတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဦးဆောင်၍ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အဖွဲ့ဝင်အဖြစ် ပါဝင်သည့်အတွက် ဘေးဒဏ်သင့်ဒေသများ၌ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးပြီး သင်တန်းဆင်းပြီးသူများကို လုပ်ငန်းထူထောင်ပေးခြင်း ဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့

✪ စာမျက်နှာ ၁၀ မှ

**ဘိန်းစိုက်ပျိုးသည့်မြို့နယ်များတွင် အစားထိုး အသေးစား ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေး ဆောင်ရွက်မည့်လုပ်ငန်း**မှာ နိုင်ငံတော်အဆင့်အနေဖြင့် မြန်မာနိုင်ငံမူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကွပ်ကဲမှုအောက်တွင် အဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိရာ အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနသည် အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်သည့်အတွက် ဌာနအနေဖြင့် ဘိန်းစိုက်တောင်သူများအတွက် အခြေခံဝန်ဆောင်မှုများ၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် တရားမဝင်ဘိန်းစိုက်ပျိုးမှုကို တစ်စတစ်စ လျှော့ချသွားရမည်ဖြစ်ပါသဖြင့် ဘိန်းစိုက်ပျိုးသည့်မြို့နယ် ၅၅ မြို့နယ်ရှိ ဒေသခံပြည်သူများ စီးပွားရေး အခွင့်အလမ်း ပိုမိုရရှိစေရန်အတွက် ဒေသနှင့်သင့်လျော်သည့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွင့်လှစ်ပေးပြီး သင်တန်းဆင်းပြီးသူများအား လုပ်ငန်းထူထောင်နိုင်ရန် လိုအပ်သောကုန်ကြမ်းများနှင့် စက်ပစ္စည်းများကို ထောက်ပံ့ပေးခြင်းဖြစ်ပါသည်။

**စီမံကိန်းလုပ်ငန်းတွင် ဆောင်ရွက်သည့် အဓိကလုပ်ငန်းစဉ်(၃)ရပ်**

စီမံကိန်းလုပ်ငန်း၌ဆောင်ရွက်သည့် အဓိက လုပ်ငန်းစဉ်(၃)ရပ်မှာ (၁) ကျေးရွာ၏ လိုအပ်ချက်နှင့် ဒေသထွက်ကုန်ကြမ်းများအပေါ်မူတည်၍ သင့်လျော်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများပို့ချပေးခြင်း (တစ်နည်းအားဖြင့် လုပ်ငန်းထူထောင်နိုင်သည်အထိ တက်မြောက်အောင်သင်ကြားပေးခြင်း)၊ (၂) သင်တန်းတက်ရောက်သူများအနက်မှ လုပ်ငန်းထူထောင်လိုသူ ငါးဦးကို ရွေးချယ်၍ လုပ်ငန်းထူထောင်နိုင်သည်အထိ လိုအပ်သောနည်းပညာနှင့် လုပ်ငန်းသုံးပစ္စည်းများထောက်ပံ့ပေးခြင်း၊ (၃) ဈေးကွက်ဆိုင်ရာ သင်တန်းပေးခြင်းနှင့် ဈေးကွက်များသို့ ချိတ်ဆက်ပေးခြင်းတို့ဖြစ်ပါသည်။

**စီမံကိန်းလုပ်ငန်း နယ်မြေ၊ ဒေသ၊ ကျေးရွာများ ရွေးချယ်နိုင်ရန် ဆောင်ရွက်ခြင်း**

စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် နယ်မြေ၊ ဒေသ၊ ကျေးရွာများ အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အရာထမ်း/ အမှုထမ်းဝန်ထမ်းများနှင့် ဒေသဆိုင်ရာအစိုးရအဖွဲ့များ ပူးပေါင်းကွင်းဆင်း၍ စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့်ဒေသအား ရွေးချယ်ဆောင်ရွက်ပါသည်။ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန် စိတ်ဝင်စားသည့်ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများအား ဖိတ်ကြား၍ ဆောင်ရွက်မည့်လုပ်ငန်းပုံစံ၊ ဆောင်ရွက်ရန် လိုအပ်သည့် နည်းပညာသင်တန်းများ ပို့ချပေးမည့်အခြေအနေ၊ ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်ပေးမည့် အခြေအနေ၊ ကျွမ်းကျင်သင်တန်းသားများ ရွေးချယ်၍ လုပ်ငန်းထူထောင်ပေးမည့်အခြေအနေများကို ဦးစွာ ရှင်းလင်းချပြဆွေးနွေးပါသည်။

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေးစီမံကိန်း (ဝင်ငွေတိုးစီမံကိန်း) ကျေးရွာများကို ရွေးချယ်ရာတွင် ဒေသထွက်ကုန်ကြမ်းများကိုအခြေခံ၍ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန် အလားအလာရှိသော ကျေးရွာ၊ ထုတ်ကုန်များ ဈေးကွက်သို့ ပို့ဆောင်ရန် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် အချက်အချာကျသော ကျေးရွာ၊ ကျေးရွာသူ ကျေးရွာသားများ၏ အသေးစားကုန်ထုတ်လုပ်ငန်းများအပေါ် စိတ်ဝင်စားမှုရှိပြီး လုပ်ငန်းထူထောင်ရန် စိတ်အားထက်သန်မှုရှိသော ကျေးရွာ၊ ဒေသထွက်ကုန်ကြမ်းပစ္စည်းများ ပေါများစွာထွက်ရှိသည့် ကျေးရွာ၊ လူငယ်လူရွယ်များ အလုပ်အကိုင်ရှားပါးပြီး အလုပ်လက်မဲ့ဦးရေများသော ကျေးရွာ စသည့်အခြေခံအချက်များအပေါ်မူတည်၍ အတည်ပြုရွေးချယ်ကြောင်း သိရှိရပါသည်။



ကရင်ပြည်နယ်၌ ဝင်ငွေတိုးစီမံကိန်းဖြင့် ဂျပ်ခုတ်ရက်ကန်းသင်တန်းဖွင့်လှစ်ပေးမှုကို ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး လာရောက်အားပေးစဉ်။

**“ သင်တန်းများပြီးမြောက်ပါက လုပ်ငန်းထူထောင်မည့်သူများအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းမှ ၁၄ သိန်း တန်ဖိုးရှိသည့် လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးလျက်ရှိပါသည်။ အဆိုပါလုပ်ငန်းသုံးပစ္စည်းများထုတ်ပေးရာ၌ လုပ်ငန်းလုပ်ကိုင်လိုသူကိုယ်တိုင် စာချုပ်ချုပ်ဆိုရပါသည်။ ငွေကြေးထုတ်ပေးခြင်းမျိုး မဟုတ်ဘဲ လုပ်ငန်းသုံးပစ္စည်းများကိုသာ ထောက်ပံ့ပေးခြင်းဖြစ်သဖြင့် လုပ်ငန်းငယ်များထူထောင်ရာ၌ များစွာအထောက်အကူဖြစ် ”**

**စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဝင် ရွေးချယ်ခြင်း**

စီမံကိန်းကျေးရွာများ ရွေးချယ်ပြီးသည့်နောက်တွင် စီမံကိန်းအောင်မြင်စေရန် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီဝင်ရွေးချယ်ရာ၌ ကျေးရွာလူထုက ယုံကြည်အားထားရသူ၊ အများနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိသူ၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် အချိန်ပေးဆောင်ရွက်နိုင်သူ၊ အများအကျိုးဆောင်ရွက်လိုစိတ်ရှိသူ၊ စီမံကိန်းလုပ်ငန်းအပေါ် စိတ်ပါဝင်စားသူ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ဆောင်ရွက်ပေးနိုင်သူ၊ ငွေကြေးဆိုင်ရာကိစ္စရပ်များနှင့် အကျွမ်းတဝင်ရှိသူ၊ ကျေးရွာတွင် အနည်းဆုံး သုံးနှစ် အခြေချနေထိုင်သူဖြစ်ပြီး ရေရှည်တွင်လည်း ဆက်လက်နေထိုင်သူများအား ကော်မတီဝင်အဖြစ် ရွေးချယ်ဖွဲ့စည်းဆောင်ရွက်ပေးပါသည်။ အဆိုပါစီမံကိန်း အောင်မြင်စေရန် ကျေးရွာတွင်နေထိုင်သူများ ကိုယ်တိုင် ပါဝင်ကြိုးကြပ်စေခြင်းဖြစ်ပါသည်။

**စီမံကိန်း၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော နည်းပညာဆိုင်ရာသင်တန်းများ**

အဆိုပါစီမံကိန်း၌ သင်ကြားပေးသော နည်းပညာဆိုင်ရာသင်တန်းများမှာ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လက်မှုထည် ထုတ်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ သံဂဟေဆက်နည်းပညာသင်တန်း၊ တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်မှုနည်းပညာသင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းနည်းပညာသင်တန်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ ပြုပြင်ခြင်းနည်းပညာသင်တန်း၊ လက်ရက်ကန်း၊ စက်ရက်ကန်းနှင့် ရိုးရာဂျပ်ခုတ်ဆိုင်ရာနည်းပညာသင်တန်း၊ စက်ချုပ်နည်းပညာသင်တန်းနှင့် အခြားလိုအပ်သော နည်းပညာသင်တန်းများဖြစ်ကြောင်း သိရပါသည်။ အဆိုပါသင်တန်းများကို စီမံကိန်းကာလအတွင်း လုပ်ငန်းထူထောင်နိုင်သည်အထိ တတ်မြောက်ကျွမ်းကျင်စေရန် ဌာနမှ နည်းပြများက သင်ကြားပေးခြင်းဖြစ်ပါသည်။

**လုပ်ငန်းထူထောင်မည့်သူများအား ရွေးချယ်ခြင်း**

စီမံကိန်းဆောင်ရွက်သည့် ကျေးရွာများမှ သင်တန်းတက်ရောက်သူများအနက် လုပ်ငန်းထူထောင်မည့်သူများအား ရွေးချယ်ရာ၌ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့် သင်တန်းနည်းပြတို့က သင်တန်း၌ စာတွေ့/လက်တွေ့လုပ်ငန်းများတွင် စိတ်ပါဝင်စား၍ ထူးချွန်စွာ လိုက်ပါဆောင်ရွက်နိုင်သူ၊ သင်တန်းတက်ရောက်ပြီးနောက် အမှန်တကယ် လုပ်ငန်းထူထောင်ရန်ဆန္ဒရှိသူ၊ မိမိအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ဗဟုသုတနှင့် အမြော်အမြင်ရှိသူ၊ ကျေးရွာတွင် အနည်းဆုံး သုံးနှစ် အခြေချနေထိုင်သူဖြစ်ကာ ရေရှည်တွင်လည်း ဆက်လက်နေထိုင်သူဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်သူ၊ လုပ်ငန်းစတင်ထူထောင်ရန် အနည်းဆုံးမတည်ရင်းနှီးငွေကျပ်နှစ်သိန်း ထည့်ဝင်နိုင်သူ၊ ကျေးရွာလိုအပ်ချက်နှင့် ဈေးကွက်လိုအပ်ချက်ကို သိရှိနားလည်သူ စသည့်အခြေခံအချက်များ ပြည့်စုံသူများကို ဦးစားပေးရွေးချယ်ကြောင်း သိရှိရပါသည်။ အနည်းဆုံးမတည်ငွေ နှစ်သိန်း ထည့်ဝင်စေခြင်းမှာ လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုမည့် ကုန်ကြမ်းတန်ဖိုးအတွက် လုပ်ငန်းထူထောင်မည့်သူကိုယ်တိုင် ပါဝင်၍ ထည့်ဝင်စေခြင်းဖြစ်ပါသည်။

**လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်း**

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် သင်တန်းများပြီးမြောက်ပါက လုပ်ငန်းထူထောင်မည့်သူများအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းမှ ၁၄ သိန်း တန်ဖိုးရှိသည့် လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးလျက်ရှိပါသည်။ အဆိုပါလုပ်ငန်းသုံးပစ္စည်းများ ထုတ်ပေးရာ၌ လုပ်ငန်းလုပ်ကိုင်လိုသူကိုယ်တိုင် စာချုပ်ချုပ်ဆိုရပါသည်။ ငွေကြေးထုတ်ပေးခြင်းမျိုးမဟုတ်ဘဲ လုပ်ငန်းသုံးပစ္စည်းများကိုသာ ထောက်ပံ့ပေးခြင်းဖြစ်သဖြင့် လုပ်ငန်းငယ်များထူထောင်ရာ၌ များစွာအထောက်အကူဖြစ်စေပါသည်။

**ဈေးကွက်ရရှိစေရန် ဆောင်ရွက်ပေးခြင်း**

သင်တန်းဆင်းလုပ်ငန်းရှင်များက ထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးအတွက် စားသုံးသူများထံသို့ တိုက်ရိုက်ရောင်းချခြင်းဖြင့်လည်းကောင်း၊ ဌာနဆိုင်ရာများ၊ ဈေးဝယ်စင်တာများ၊ စားသောက်ဆိုင်များ၊ ခရီးသွားလာရေး ဈေးကွက်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းရှင်များ၊ ကုန်စည်ပြပွဲများနှင့် ချိတ်ဆက်ခြင်းဖြင့်လည်းကောင်း၊ ထုတ်ကုန်ပစ္စည်း၏ သတင်းအချက်အလက်များကို သတင်းစာ၊ ဂျာနယ်၊ လက်ကမ်းစာစောင်၊ ရုပ်မြင်သံကြား၊ Social Media များမှတစ်ဆင့် ဖြန့်ဖြူးခြင်းဖြင့်လည်းကောင်း ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းအပြင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၌ E-commerce Website တစ်ခု ထူထောင်ထားရှိပြီး စီမံကိန်းမှထွက်ပေါ်လာသော လုပ်ငန်းရှင်များနှင့် ဌာန၌ မှတ်ပုံတင်ထားသော လုပ်ငန်းရှင်များကို ချိတ်ဆက်၍ ထုတ်ကုန်များ ရောင်းချနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

**စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိသောအကျိုးကျေးဇူးများ**

အသေးစားကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာရေးကို ဆောင်ရွက်ပေးခြင်းအားဖြင့် တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်လာနိုင်ခြင်း၊ ကုန်ထုတ်လုပ်ငန်းများပေါ်ထွက်လာခြင်းတို့ဖြင့် မိသားစုဝင်ငွေ တိုးပွားလာစေပြီး နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဦးတည်ချက်များကို အောင်မြင်စေရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်လျက်ရှိပါသည်။ ဒေသထွက်ကုန်ကြမ်းများအပေါ် ကုန်ချောအဖြစ်ပြောင်းလဲ၍ ဒေသခံပြည်သူလူထုကသုံးစွဲရသဖြင့် သွင်းကုန်အစားထိုးနိုင်ခြင်း၊ သယ်ယူပို့ဆောင်စရိတ် လျော့နည်းသဖြင့် ဈေးနှုန်းချိုသာခြင်း၊ စနစ်တကျ ဓာတ်ခွဲစမ်းသပ်ခြင်းများ ဆောင်ရွက်ထားသဖြင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော ထုတ်ကုန်များအား သုံးစွဲနိုင်ခြင်း၊ မိသားစုဝင်ငွေ တိုးပွားလာခြင်းကြောင့် လူနေမှုစီးပွားဘဝမြင့်မားလာပြီး သားသမီးများ၏ ပညာရေး၊ ကျန်းမာရေးတို့အား ထောက်ပံ့ခြင်း၊ ပြုစုပျိုးထောင်ခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်၍ အနာဂတ်နိုင်ငံတော်အတွက် ကောင်းမွန်သော မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ပါသည်။

လတ်တလောအကျိုးရလဒ်အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးခဲ့သော “ဝင်ငွေတိုးစီမံကိန်း” မှ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ကျေးရွာ ၁၅၁ ရွာတွင် စားသောက်ကုန်ထုတ်လုပ်သော လုပ်ငန်းရှင် ၁၆၅ ဦး၊ လူသုံးကုန် ထုတ်လုပ်ရောင်းချလျက်ရှိသော လုပ်ငန်းရှင် ၆၅ ဦး၊ ဝါးလက်မှုအနုပညာပစ္စည်း ရောင်းချလုပ်ကိုင်သော လုပ်ငန်းရှင် ၂၅ ဦး၊ သစ်သားပရိဘောဂ ထုတ်လုပ်ရောင်းချသော လုပ်ငန်းရှင် ငါးဦး၊ ဖယောင်းတိုင်ထုတ်လုပ်ရောင်းချသူ ငါးဦး၊ စက်ချုပ်ဆိုင်ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော လုပ်ငန်းရှင် ၂၈၅ ဦး၊ တစ်လုံးထိုးအင်ဂျင်ပြုပြင်သည့်ဆိုင် တည်ထောင်လုပ်ကိုင်သူ ၁၀ ဦး၊ သံပန်းသံတံခါးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး၊ မော်တော်ဆိုင်ကယ်ပြုပြင်ရေးဆိုင် တည်ထောင်လုပ်ကိုင်သူ ၇၇ ဦး၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများပြုပြင်သည့်ဆိုင်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ၁၀ ဦး၊ ရက်ကန်းလုပ်ငန်းထူထောင်သူ ၃၅ ဦး၊ စုစုပေါင်းလုပ်ငန်းရှင် ၆၉၇ ဦးကို ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်စေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးပွားရေး(ဝင်ငွေတိုး) စီမံကိန်းများသည် ကျေးလက်ဒေသများရှိ လူငယ်လူရွယ်များနှင့် အမျိုးသမီးများအား လုပ်ငန်းငယ်များထူထောင်ပေးခြင်းဖြင့် ကိုယ်ပိုင်ဝင်ငွေများတိုးပွားလာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းကြောင့် မဝေးတော့သည့် အနာဂတ်တွင် တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသများ၌ မိသားစုများဝင်ငွေတိုးပွားလာစေတော့မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

# ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ တိုက်ပွဲဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ရှင်းလင်းပြောကြားချက်





MNDAA အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှေ့တိုက်ဒုံးများ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် တရုတ်ဖာ့ရှန်ဘုံကျောင်း ထိခိုက်ပျက်စီးနေမှုအား တွေ့ရစဉ်။

ဒီနေ့မှာတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ ဖြစ်စဉ်များနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ သဘောထားများကို ပြောကြားသွားမှာ ဖြစ်ပါတယ်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့မှာ MNDAA ဟာ TNLA ၊ AA အဖွဲ့တို့နဲ့ ပူးပေါင်းပြီး အထူးဒေသ(၂) “ဝ”ဒေသက တစ်ဆင့် နမ့်တစ်ချောင်းကို ဖြတ်ကူးပြီး တရုတ်၊ မြန်မာနယ်စပ်မြို့ ချင်းရွှေဟော်မြို့ကို စတင်တိုက်ခိုက်ခဲ့ပါတယ်။ ဒီဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီးလည်း ကျွန်တော့်အနေနဲ့ ယခင်ကလည်း ရှင်းလင်း ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ နမ့်ခမ်း၊ သိန္နီ၊ ကွတ်ခိုင်မြို့တွေကို TNLA အဖွဲ့က နှောင့်ယှက်တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ သိန္နီမြို့၊ ကွမ်းလုံမြို့နဲ့ လောက်ကိုင်မြို့တစ်ဝိုက်ကိုလည်း စတင်တိုက်ခိုက်ပါတယ်။ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ TNLA အဖွဲ့ဟာ မန်တုံဒေသတစ်ဝိုက်ကို တိုက်ခိုက်ခဲ့ပါတယ်။ TNLA ပူးပေါင်းအဖွဲ့ဟာ နမ္မတူဒေသနဲ့ နမ္မတူမြို့ကို တိုက်ခိုက်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှာတော့ MNDAA ပူးပေါင်းအဖွဲ့ဟာ ဟိုပန်ဒေသနဲ့ ဟိုပန်မြို့ကို တိုက်ခိုက်ခဲ့ပါတယ်။

၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့မှာ TNLA ပူးပေါင်းအဖွဲ့ဟာ နောင်ချိုနဲ့ ကျောက်မဲဒေသတစ်ဝိုက်ရှိ လုံခြုံရေးစခန်းတွေနဲ့ နောင်ချို၊ ကျောက်မဲမြို့တွေကို တိုက်ခိုက်ခဲ့ပါတယ်။ ဇူလိုင်လ ၃ ရက်နေ့မှာ MNDAA ပူးပေါင်းအဖွဲ့ဟာ လားရှိုးမြို့ဝန်းကျင်ကို စတင်တိုက်ခိုက်ခဲ့ပြီး လားရှိုးမြို့ထဲကို ရှေ့တိုက်ဒုံးတွေ၊ Drone တွေနဲ့ Drop Bomb ချတိုက်ခိုက်တာတွေကို နေ့စဉ်ပစ်ခတ်တိုက်ခိုက်ခဲ့ပါတယ်။

MNDAA အဖွဲ့အနေနဲ့ ချင်းရွှေဟော်ဒေသတစ်ဝိုက်နဲ့ ကိုးကန့်နယ်မြေကိုစတင်တိုက်ခိုက်ခါစက ကျားဖြန့်လို့ခေါ်တဲ့ အွန်လိုင်းလောင်းကစားမှု၊ လိမ်လည်မှုကိုတိုက်ဖျက်ရန်ဆိုတဲ့ ခေါင်းစဉ်နဲ့ စတင်ခဲ့တယ်ဆိုတာ သိရပါတယ်။ လောက်ကိုင်ဒေသအပါအဝင် နယ်စပ်ဒေသတွေမှာဖြစ်ခဲ့တဲ့ ကျားဖြန့်ခေါ် အွန်လိုင်း လိမ်လည်မှုတွေဟာ လောက်ကိုင်မှာဆိုရင် ဟိုတယ်တွေ၊ လျှို့ဝှက်နေရာတွေမှာ ပုန်းလျှိုးကွယ်လျှိုးဆောင်ရွက်ကြတာဖြစ်လို့ နိုင်ငံတော်အစိုးရအဖွဲ့အနေနဲ့ သိရှိခဲ့ခြင်းမရှိပါဘူး။ လိမ်လည်မှုတွေကို တရုတ်နိုင်ငံက တိမ်းရှောင်လာတဲ့ တရုတ်ရာဇဝတ်သားတွေက ပြုလုပ်ခဲ့တာဖြစ်ပြီး လောင်းကစားသူတွေ၊ လိမ်လည်ခံရသူ အများစုဟာလည်း တရုတ်နိုင်ငံသားတွေသာဖြစ်လို့ မြန်မာနိုင်ငံကအများစုက သိရှိခဲ့ခြင်း မရှိပါဘူး။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ဒီကျားဖြန့်ကိစ္စကိုသိရှိတာနဲ့ တစ်ပြိုင်တည်း တရုတ်နိုင်ငံနဲ့ တက်ကြွစွာပူးပေါင်းဆောင်ရွက်ပြီး နှိမ်နင်းခဲ့ပါတယ်။ ကိုးကန့်ဒေသမှာသာမက အခြားနယ်စပ်ဒေသတွေမှာလည်း ဆောင်ရွက်ခဲ့ပါတယ်။ မနေ့ကအထိ မိုင်းပေါက်ဒေသ၊ လောက်ကိုင်ဒေသ၊ တာချီလိတ်ဒေသ၊ မူဆယ်ဒေသ၊ မြဝတီ(ရွှေကုက္ကိုလ်၊ KK Park) တို့ကနေ ဖော်ထုတ် ဖမ်းဆီးရမိခဲ့တဲ့ တရုတ်နိုင်ငံသား ၅၁၈၅၁ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၁၄၃ ဦး၊ ထိုင်းနိုင်ငံသား ၆၄၀ အပါအဝင် ၂၁၅၀ ကို သက်ဆိုင်ရာနိုင်ငံတွေကို လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ MNDAA ဟာ ကိုးကန့်နယ်မြေ အထူးဒေသ(၁)ရရှိရေးဆိုပြီး လုပ်ဆောင်လာပါတယ်။ အကြမ်းဖက် NUG အဖွဲ့နဲ့ တွေ့ဆုံပြီး သူတို့နယ်မြေကို လိုက်ပြတာတွေ၊ ဆွေးနွေးတာတွေ လုပ်လာတဲ့အပြင် ကိုးကန့်ဒေသရဲ့ ပြင်ပကိုပါ ဆက်လက်နယ်မြေချဲ့ထွင် တိုက်ခိုက်လာတာတွေ့ရပါတယ်။ NUG အဖွဲ့ရဲ့ အသံကိုလိုက်ပြီး ပြောကြားနေတာကိုလည်း တွေ့ရပါတယ်။ ကိုးကန့်နယ်မြေထဲက ကလေးငယ်တွေပါမကျန် လူသစ်စုဆောင်းတာတွေ၊ ကိုးကန့်ဒေသအတွင်းမှာ အလုပ်လုပ်ကိုင်ခဲ့ကြတဲ့ ဗမာအပါအဝင် တိုင်းရင်းသား အလုပ်သမားတွေကို ဖမ်းဆီးပြီး MNDAA ထဲကိုသွင်းပြီး တိုက်ပွဲဝင်ခိုင်းတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ စာသင်ကျောင်းတွေကို ပိတ်ပစ်တာတွေ၊ ပညာသင်ကြားမှု ပိတ်ပင်တာတွေကိုလည်း ပြုလုပ်ခဲ့ပါတယ်။ TNLA အဖွဲ့အနေနဲ့လည်း အလားတူလုပ်ဆောင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ အဲဒီဒေသမှာရှိတဲ့ သူတို့လက်နက်ကိုင်အဖွဲ့အချင်းချင်း နယ်မြေ အငြင်းပွားတာတွေလည်း ဖြစ်နေတာ တွေ့ရပါတယ်။

အခုလားရှိုးမြို့ကို ဇူလိုင်လ ၃ ရက်နေ့ကစတိုက်ခိုက်လာပြီး နေ့စဉ်အဝေးကနေ ရှေ့တိုက်ဒုံး၊ Drone တွေနဲ့ ရမ်းသန်းပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ ၁၈ ဦးသေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ သူတို့သိမ်းပိုက်ခဲ့တဲ့နယ်မြေတိုင်းမှာ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ ပျက်သုဉ်းခဲ့ရပါတယ်။ လားရှိုးမြို့မှာထင်ရှားတဲ့ လားရှိုးလေဆိပ်အနီးက တရုတ်ဖာ့ရှန်ဘုံကျောင်းကို မနေ့က မနက် ၇ နာရီမှာ Drone နဲ့ Drop Bomb ချတိုက်ခိုက်ခဲ့ပါတယ်။ လားရှိုးမှာနေထိုင်ကြတဲ့ တရုတ်လူမျိုးတွေအပါအဝင် ဒေသခံပြည်သူလူထုကလည်း ဒီ MNDAA နဲ့ အပေါင်းအပါအဖွဲ့တွေကို အလိုမရှိကြောင်း ဆန့်ကျင်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်အနေနဲ့ မြို့ခံလူထု၊ ပြည်သူလူထုရဲ့လုံခြုံရေးနဲ့ ဘေးအန္တရာယ် ကင်းရှင်းရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ MNDAA နဲ့ TNLA တို့ရဲ့ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် မြို့ရွာများ၊ အရပ်သားပြည်သူများ ဘေးကင်းလုံခြုံစေရေးအတွက် အထူးအလေးထားပြီး နိုင်ငံတော်အစိုးရအနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြဖို့ မေတ္တာရပ်ခံပန်ကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## သံဖြူဇရပ်မြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲနှင့် အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်လှစ်

သံဖြူဇရပ် ဇူလိုင် ၉

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ကျောင်းစာကြည့်တိုက်များနှင့် ရပ်ကွက်/ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲနှင့် အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းထွန်းက အမှာစကားပြောကြား၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသီက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးအေးသီနှင့် ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမော်တို့က စာကြည့်တိုက်၏အဓိပ္ပာယ်၊ စာကြည့်တိုက်အမျိုးအစားများ၊ စာကြည့်တိုက်စီမံခန့်ခွဲရေး၊ စာစုလုပ်ငန်း၊ စာပြုလုပ်ငန်းများ၊ စာကြည့်တိုက်ရှိ စာအုပ်/စာစောင်များ ပြုစုထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းများကို စာတွေ့လက်တွေ့သင်ကြားပြသပေးခဲ့ပြီး ကျောင်းစာကြည့်တိုက်နှင့် ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများက စုဖွဲ့ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသင်တန်းကို မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းကျောင်းများမှ စာကြည့်တိုက်တာဝန်ခံ ဆရာ ဆရာမ ၄၀ နှင့် ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်တာဝန်ခံ ၁၀ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဇူလိုင် ၈ ရက်မှ ၉ ရက်ထိ နှစ်ရက်တာ နေ့စဉ် နံနက် ၉နာရီမှ မွန်းလွဲ ၃ နာရီအထိ စာတွေ့လက်တွေ့ သင်ကြားပို့ချကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ်မိုဒီ မော်စကိုမြို့တော်၌ တွေ့ဆုံ



**မော်စကို ဇူလိုင် ၉**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ်မိုဒီတို့သည် မော်စကိုမြို့တော်၌ ယနေ့တွေ့ဆုံခဲ့ကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦးသည် စစ်ရေးနှင့် စီးပွားရေးဆိုင်ရာနယ်ပယ်များတွင် နှစ်နိုင်ငံဆက်ဆံမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် စီးပွားရေးအရ ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းကာ အိန္ဒိယနိုင်ငံသို့ ရေနံစိမ်းတင်သွင်းမှုပမာဏကို တိုးမြှင့်တင်သွင်းခဲ့ကြောင်း သိရသည်။

အနောက်အုပ်စုနှင့် ထိပ်တိုက်ရင်ဆိုင်မှုများကြားတွင် ရုရှားနိုင်ငံ၏ရပ်တည်ချက်အပေါ် ဝန်ကြီးချုပ်မိုဒီ၏ နားလည်မှုရှိခြင်းကို သမ္မတပူတင်က လိုလားလျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် Global South ဟုခေါ်သော ထွန်းသစ်စနိုင်ငံအုပ်စုများအနက် တစ်နိုင်ငံအပါအဝင်ဖြစ်သည်။ အိန္ဒိယနှင့် ရုရှားတို့သည် ရှေးယခင်ကတည်းက ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုများရှိသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေဆီကျွန်း၌ မြေပြိုမှုဖြစ်ပွား

**ဂျကာတာ ဇူလိုင် ၉**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေဆီကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့် မြေပြိုမှုဖြစ်ပွားရာ အနည်းဆုံး ဒေသခံ ၂၃ ဦးသေဆုံးကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ယင်းဖြစ်ရပ်သည် ဆူလာဝေဆီကျွန်း ဂိုရွန်တာလိုပြည်နယ်ရှိ တရားမဝင် ရွှေမိုင်းတစ်ခုတွင် ဖြစ်ပွားခြင်းဖြစ်သည်။ ကယ်ဆယ်ရေးသမားများက ဖြစ်စဉ်အတွင်း ပျောက်ဆုံးနေသူများအား ရှာဖွေခဲ့ရာတွင် ငါးဦးကိုပြန်လည်တွေ့ရှိခဲ့ပြီး ယင်းတို့အနက်မှ ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ယင်းဖြစ်စဉ်အတွင်းပျောက်ဆုံးသူ ၄၆ ဦးအထိရှိလာခဲ့ကြောင်း ပြည်နယ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့ရုံးအကြီးအကဲ ဟာယီရန်တိုက ပြောကြားသည်။

ယခုပျောက်ဆုံးနေသူများတွင် ရွှေတွင်းလုပ်သားများနှင့် ယင်းလုပ်သားများအား ပံ့ပိုးကူညီနေသည့် ရွာသားများပါဝင်သည်။

ကယ်ဆယ်ရေးသမားများသည် ရွှံ့နွံများဖုံးအုပ်နေသည့် အခင်းဖြစ်နေရာ၌ ကယ်ဆယ်ရေးလုပ်ငန်းများကို ခက်ခဲစွာဆောင်ရွက်ခဲ့ရသည်။ ကယ်ဆယ်ရေးလုပ်ငန်းများအဆင်ပြေစေရေးအတွက် ဂိုရန်တာလိုပြည်နယ်ရဲတပ်ဖွဲ့က အခင်းဖြစ်အရပ်သို့ ရဟတ်ယာဉ်များ စေလွှတ်မည်ဖြစ်ကြောင်း ရှာဖွေကယ်ဆယ်ရေးအေဂျင်စီ အကြီးအကဲကပြောကြားသည်။ ယင်းဒေသအတွင်း မိုးထပ်မံရွာသွန်းနိုင်သဖြင့် မတော်တဆမှုများ ထပ်မံဖြစ်ပွားလာနိုင်ကြောင်း အင်ဒိုနီးရှား သဘာဝဘေးကာကွယ်ရေး အေဂျင်စီက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - စိုးသူရ**

# အစ္စရေးနိုင်ငံ၌ လူ၏ဦးနှောက်ကိုစားသုံးသည့် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသော လူနာသေဆုံး

**ဂျေရုဆလင် ဇူလိုင် ၉**

အစ္စရေးနိုင်ငံ ဘီလင်ဆင်ဆေးရုံတွင် လူ၏ဦးနှောက်ကို စားသုံးသည့် အမီးဗားဗိုင်းရပ်စ်ပိုးတစ်မျိုးကြောင့် အသက် ၂၆ နှစ်အရွယ်ရှိ လူနာတစ်ဦးသေဆုံးခဲ့သည့်ဖြစ်ရပ် ဖြစ်ပွားခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ယင်းလူနာသည် အစ္စရေးနိုင်ငံအရှေ့မြောက်ပိုင်းရှိ ဂါလီလီလိဒ်ပင်လယ်တွင် ရေကူးခဲ့ရာမှ ယင်းဗိုင်းရပ်စ်ပိုးကူးစက်ခံခဲ့ရသည်။ ယင်းဗိုင်းရပ်စ်အား amoeba Naegleria fowleri ဟုခေါ်ဆိုပြီး ယင်းဗိုင်းရပ်စ်ကူးစက်ခံရပါက လူနာ၏ ဦးနှောက်အား ပြင်းထန်စွာ ထိခိုက်ပျက်စီးစေသည်။

ယခုဖြစ်ရပ်သည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး လွန်ခဲ့သည့်နှစ်နှစ်ခန့်ကလည်း အလားတူဗိုင်းရပ်စ်ကူးစက်ခံရသည့် အသက် ၃၆ နှစ်အရွယ်ရှိ လူနာတစ်ဦး သေဆုံးခဲ့သည်။ ယင်းဗိုင်းရပ်စ်ပိုးသည် ရေကြည်ရေသန့်များ၊ ရေအိုင်ငယ်များနှင့် ရေသေများတွင် အပူချိန် ၃၅ မှ ၄၂ ဒီဂရီဆဲလ်ဆီးယပ်အတွင်း ရှင်သန်ပေါက်ပွားသည်။

ယင်းဗိုင်းရပ်စ် ကူးစက်ခံရပါက ခေါင်းကိုက်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ နှာမွန်ခြင်း၊ အော့အန်ခြင်း စသည့်လက္ခဏာများဖြစ်ပွားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**



# ယခုနှစ်ဇွန်လ၏ ကမ္ဘာ့အပူချိန် ၁ ဒသမ ၅ ဒီဂရီဆဲလ်ဆီးယပ် အထက်သို့ စံချိန်တင်ရောက်ရှိ

**ဘရပ်ဆဲလ် ဇူလိုင် ၉**

ယခုနှစ်ဇွန်လ၏ ကမ္ဘာ့အပူချိန်သည် ၁ ဒသမ ၅ ဒီဂရီဆဲလ်ဆီးယပ်၏ အထက်သို့ စံချိန်တင်ရောက်ရှိခဲ့ပြီး ယင်းအပူချိန်သည် စက်မှုခေတ်အကြိုကာလ( ၁၈၅၀- ၁၉၀၀) ကထက် စံချိန်တင်မြင့်တက်ခဲ့ကြောင်း ဥရောပသမဂ္ဂရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းက ပြောကြားခဲ့သည်ဟု ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

## မြင့်တက်ခဲ့

ပြီးခဲ့သည့်တစ်နှစ်အတွင်း ကမ္ဘာ၏ပျမ်းမျှအပူချိန်သည် သုည ဒသမ ၇၆ ဒီဂရီဆဲလ်ဆီးယပ်အထိ မြင့်တက်ခဲ့ကာ ယင်းအပူချိန်သည် ကမ္ဘာ၏ ၁၉၉၁ မှ ၂၀၂၀ အတွင်း ပျမ်းမျှအပူချိန်ထက်မြင့်မားခဲ့ကြောင်း ယင်းလုပ်ငန်း၏ မှတ်တမ်းတွင် ပြောကြားသည်။ ယခုနှစ်ဇွန်လ၏ အပူချိန်သည် ယင်းအဖွဲ့၏မှတ်တမ်းတွင်ဖော်ပြထားသည့် အခြားဇွန်လများထက် ကမ္ဘာတစ်ဝန်းတွင် ထူးခြားစွာအပူချိန်မြင့်တက်ခဲ့ပြီး လေထု၏ပျမ်းမျှအပူချိန်သည် ၁၆ ဒသမ ၆၆ ဒီဂရီ ဆဲလ်ဆီးယပ်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ယခုဖြစ်စဉ်များကို လေ့လာခြင်းဖြင့် ကမ္ဘာမြေကြီး၏ ရာသီဥတုပြောင်းလဲမှုသည် ဆက်လက်၍ ဖြစ်လာနေကြောင်း ဥရောပသမဂ္ဂရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းတာဝန်ရှိသူ ကာလို့စ်ဗောင်တန်ပိုက ပြောကြားသည်။

ကမ္ဘာတစ်ဝန်းတွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချသည့်တိုင် အပူချိန်များမြင့်တက်လာနေကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ ပါရီရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး သဘောတူညီချက်အရ ကမ္ဘာကြီး၏ အပူချိန်ကို ၁ ဒသမ ၅ ဒီဂရီဆဲလ်ဆီးယပ်တွင်သာ ထိန်းချုပ်ထားရှိရန် သဘောတူခဲ့ကြသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# ဂျပန်နိုင်ငံ၌ ရဲတပ်ဖွဲ့ဝင်များအား အပူဒဏ်ကာကွယ်ရေးဆောင်ရွက်

**တိုကျို ဇူလိုင် ၉**

ဂျပန်နိုင်ငံအနောက်ပိုင်း ဝါကာယာမာစီရင်စုတွင် တာဝန်ထမ်းဆောင်သည့် ရဲတပ်ဖွဲ့ဝင်များအား အပူဒဏ်ကိုခံနိုင်ရည်ရှိစေရေးအတွက် အစီအမံများဆောင်ရွက်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ယင်းစီရင်စုအတွင်းလက်ရှိအချိန်တွင် အပူဒဏ်ကာကွယ်ရေး သတိပေးချက်များထုတ်ပြန်ထားသည်။ တာဝန်ထမ်းဆောင်မည့်ရဲတပ်ဖွဲ့ဝင်များအား လည်ပင်းတွင် အအေးဓာတ်ပေးနိုင်သည့်ကိရိယာကို ဝတ်ဆင်စေခဲ့သည်။ ထို့ပြင် ပူပြင်းသည့်အချိန်များတွင် ကင်းလှည့်ကားများအတွင်းနားနေရန်နှင့် ရေအများအပြားသောက်ရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။ ကင်းလှည့်ချိန်များတွင် လိုအပ်ပါက နီးစပ်ရာကုန်ပဒေသာဆိုင်များတွင် ရေဝယ်ယူသောက်သုံးရန်လည်း ထပ်လောင်းညွှန်ကြားခဲ့သည်။ နွေရာသီတွင်တာဝန်ထမ်းဆောင်ရသည်မှာ မိမိအတွက် စိန်ခေါ်မှုဖြစ်လာပြီး လည်ပင်းရှိ အအေးဓာတ်ပေးကိရိယာကြောင့်သာ တာဝန်ကိုပေါ့ပါးစွာထမ်းဆောင်နိုင်ခဲ့သည်ဟု ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ယခုကဲ့သို့ ပူပြင်းသည့်အပူချိန်အောက်တွင် တာဝန်ထမ်းဆောင်ရသည့် ရဲတပ်ဖွဲ့ဝင်များအတွက် ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ ဂျပန်နိုင်ငံရှိ ရောဂါခုခံနိုင်စွမ်းနည်းပါးသည့် ကလေးများနှင့် သက်ကြီးရွယ်အိုများကိုလည်း အပူချိန်မြင့်မားသည့်အတွက် သတိပြုနေထိုင်ရန် တာဝန်ရှိသူများက သတိပေးပြောကြားသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၁၇ ဘီလီယံကျော်တန်ဖိုးရှိဘိန်းဖြူ ၈၆ ဒသမ ၉ ကီလို သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၉

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၁၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၈၆ ဒသမ ၉ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၅ ရက် မွန်းလွဲ ၃ နာရီက မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၁၁၄ x ၁၁၅ ကြား ၇၁(C)လမ်းတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသည့် Toyota Probox မော်တော်ယာဉ်နှင့် Super Custom မော်တော်ယာဉ်တို့ ရောက်ရှိလာ၍ ရှာဖွေစစ်ဆေးခဲ့ရာ စိုးခိုင်၊ နန်းအေးဖောင်း၊ နန်းယိမ်းအွမ် နှင့် ထွန်းလင်းအောင်တို့ လေးဦးနှင့်အတူ Super Custom ယာဉ်ပေါ်မှ ဘိန်းဖြူ ၂၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ် ဆ/၂ ရပ်ကွက် ၇၁ လမ်းရှိ ထွန်းလင်းအောင်ငှားရမ်းနေထိုင်သည့်နေအိမ်မှ ဘိန်းဖြူ ၆၄ ဒသမ ၉ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၁၇ ဘီလီယံတန်ဖိုးရှိဘိန်းဖြူ ၈၆ ဒသမ ၉ ကီလိုသိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ ဘိန်းဖြူများကို ရှမ်း



စိုးခိုင်၊ နန်းအေးဖောင်း၊ နန်းယိမ်းအွမ် နှင့် ထွန်းလင်းအောင်တို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၈ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Hla Htun Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥယျာဉ်ရပ်ကွက်နေ လှထွန်းဦးအား နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ "Me Me" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကျွန်းလုံးဥယျာဉ်ရပ်ကွက်နေ မီမီလင်း(ခ)ချစ်မီအား မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "NGA" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပုသိမ်ကြီးမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်နေ နေလင်းထွန်းအား ညနေ ၄ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ "Jue Jue" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်နေ ဂျူးဂျူးအား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဥက္ကံမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုး ပြုစုထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

တိုက်ကြီး ဇူလိုင် ၉

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဥက္ကံမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုး၊ ပြုစု၊



ထိန်းသိမ်းရေး အသိပညာပေးဆိုင်ရာ ဟောပြောပွဲကို ယမန်နေ့နံနက် ၉ နာရီက ဥက္ကံမြို့ အခြေခံပညာ အထက်တန်းကျောင်း မြဝတီခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းစိုးနိုင်က မိုးရာသီကာလ သစ်ပင်စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ နည်းစနစ်များနှင့် အကျိုးကျေးဇူးများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ကျောင်းဝင်းအတွင်း ခရေ၊ ကံ့ကော်၊ ကျွန်း၊ ပျဉ်းကတိုးနှင့် မဟော်ဂနီ စုစုပေါင်းပျိုးပင် ၂၅၀ ကို တက်ရောက်လာသူများက စိုက်ပျိုးခဲ့ပြီး အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေး အသင်းအဖွဲ့များ စုစုပေါင်း ၃၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၇-၂၀၂၄ ဗုဒ္ဓဟူးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ပင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(မောရသုတ်၊ ဝဋ္ဋသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၉:၁၅ | စိုက်ပျိုးမွေးမြူသုတဘဏ် |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၁:၁၀ | ကမ္ဘာတစ်လွှားအနုပညာသတင်းများ |
| ၁၁:၃၀ | ရွှယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၅) |
| ၁၃:၀၅ | သီချင်းကြိုးပဒေသာ |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၂၂) |
| ၁၅:၃၀ | Weekly Soccer Preview |
| ၁၆:၄၅ | မျိုးဇုက်တင့်စေဆိုကရေးတီးအငွေ့ |
| ၁၇:၁၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ |
| ၁၇:၄၀ | NEXT LEVEL |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၆) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၂၅ | (၁၉)ကြိမ်မြောက်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဇာတ်တော်ကြီးပြိုင်ပွဲ) "သုဝဏ္ဏသာမဇာတ်တော်ကြီး" (ပထမဆု)(ရန်ကုန်တိုင်းဒေသကြီး) (ဒုတိယပိုင်း) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei) |
| 07:10 | Myanmar Puppeteers (Duet Dance) |
| 07:20 | People's Military Service Law 1 |
| 07:32 | Bravocado Benefits |
| 08:01 | News |
| 08:26 | Asia Updates: A harmonious homeland |
| 08:33 | Nature's Progeny Town: December Garden |
| 09:01 | Thilawa SEZ Thriving Model Special Economic Zone |
| 09:28 | Hsig Khaung Village In Hsihseng |
| 09:39 | Gardener of Royal Thazin Floral |
| 10:01 | News |

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)** ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်း

**ဝ (၀၈:၀၀ မှ ၁၀:၀၀)** ကြက်မောက်သီးနှင့်ကျန်းမာရေး

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)** ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ

**ကယား (၁၂:၀၀ မှ ၁၄:၀၀)** သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့

**ပအိုဝ်းကရင် (၁၄:၀၀ မှ ၁၅:၀၀)** ကရင်ဖြူလူမျိုးအများစုနေထိုင်ရာ တောင်ကျွှာလေး

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)** ကရင်စာပေစကားပြောကြရအောင် (အပိုင်း-၁)

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)** ပန်းချီဆရာ စောထွန်းလင်းနှင့် တွေ့ဆုံမေးမြန်းခြင်း

**ချင်း (လိုင်စိုး) (၁၇:၀၀ မှ ၁၈:၀၀)** ခွန်အားပြည့်ဖြိုးချင်းရိုးရာရာသူ့ရ်

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)** ချင်းရိုးရာကြိမ်ထိုင်ခုံပြုလုပ်ခြင်း

**မွန် (၁၉:၀၀ မှ ၂၁:၀၀)** မွန်တို့၏ယုံကြည်ကိုးကွယ်ရာ စေလှေ့ထုံးတမ်းများ

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)** ပြိုးပဒေသာ(ဘသာနှင့်အိတ်ဖိုး)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၄၅ | Football Highlights |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၉:၁၅ | FESTIVALS AROUND THE WORLD (အပိုင်း-၂၀) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ) |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မဟုန်သတင်းပေးခြင်း' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ) |
| ၁၁:၀၀ | ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၁၉) |
| ၁၈:၀၀ | Economic Review |

### MRTV FARMERS' / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၁၀ | နိုင်ငံ့စီးပွားမြင့်မားဖို့စိုက်ပွေးကဏ္ဍမြှင့်တင်စို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ |
| ၀၇:၁၅ | ဝိုင်းဝန်းပူးပေါင်းအလှဆင် ကျေးလက်ရဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ် |
| ၁၈:၀၀ | Puss in Boots: The Last Wish-2022 (နိုင်ငံခြားဇာတ်လမ်း) |
| ၂၂:၀၀ | ပင်လယ်ရေချမ်းနွေမှာခန်း (ဇာတ်လမ်း) |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၄၀ | Weekly MNL Review |
| ၁၆:၁၀ | ဝုဏ်ယူဝင့်ကြွားဆီးဂိမ်းဆုတံဆိပ်ရှင်များ |
| ၁၇:၀၀ | အားကစားသတင်း |
| ၁၈:၀၀ | E Sports |

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



မုံရွာ ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၂၄)ကို ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ အနိမ့်ပိုင်းဒေသများတွင် ရေဝင်ပြောင်းရွှေ့မှုများ ရှိလာခဲ့သည့်အတွက် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဘေးသင့်ပြည်သူများအား နေထိုင်၊ စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးသွားကြရန်နှင့် ရေပြန်လည်ကျဆင်းချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းကို တာဝန်ရှိသူအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များတွင် ဖွဲ့စည်းထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အသီးသီးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့် ဝိုင်းဝန်းပူးပေါင်း၍ ဘေးသင့်ပြည်သူများအား လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များအတွင်း သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ကြိုတင်ကာကွယ်ပြင်ဆင်ထားရှိမှု လုပ်ငန်းများနှင့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နေထိုင်ရေး၊ စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု လုပ်ငန်းများကို Power Point ဖြင့် ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကား ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့၊ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိရာ အဆိုပါဆေးရုံကြီးရှိ အစည်းအဝေးခန်းမတွင် ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် တွေ့ဆုံရာ ဆေးရုံကြီး၏ကုသရေးလုပ်ငန်းများ၊ ဆေးဝါးများနှင့် လိုအပ်သည်များကို ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ကြီးများက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆေးရုံကြီးနှင့် လူနာများ၏ကုသရေးလုပ်ငန်းများအတွက် ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် ဒုဌဝတီမြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၉

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ နှစ်ပေခန့် (၅၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၆၁ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၄ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ သုံးပေကျော်ခန့် (၉၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက် လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကိုးပေခန့် (၂၆၉ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေခွဲခန့် (၂၀၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်ပေခွဲခန့် (၂၅၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်ပေခွဲခန့် (၂၅၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေကျော်ခန့် (၁၈၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲခန့် (၁၄၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဒုဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ ချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် (လေးစင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ မိုးကောင်းမြို့နယ်၊ မန္တလေးမြို့နှင့် မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

☆ **ကျောဖုံးမှ**

မြန်မာအမျိုးသမီးအသင်းတွင် မျိုးမြမြငြိမ်း (ဂိုး)၊ မေသက်မွန်မြင့်၊ ရူပါခိုင်၊ ယုယုနိုင်၊ ဇွန်ယုယဦး၊ နော်ထက်ထက်ဝေ၊ ဖြူဖြူဝင်း၊ ယဉ်လွန်းအိမ်၊ စန်းသော်သော်၊ ရွှေရည်ထွန်း၊ ဝင်းသီဂီထွန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဦးစားပေးကစားခဲ့သလို အိန္ဒိယအသင်းကလည်း ခံစစ်မကစားဘဲ အပြန်အလှန်တိုက်စစ်ဆင်ကစားခဲ့သည်။ ၁၃ မိနစ်တွင် မြန်မာအသင်းဦးဆောင်ဂိုးရခဲ့ပြီး ဝင်းသီဂီထွန်းက ထောင့်ကန်ဘောကို ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးရနိုင်သည့်အခွင့်အရေးများရသော်လည်း အသုံးမချနိုင်သဖြင့် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ပထမပိုင်းကတည်းက ချေပဂိုးရရန် နီးစပ်ခဲ့သည့် အိန္ဒိယအသင်းသည် ၅၇ မိနစ်တွင် ချေပဂိုးပြန်ရခဲ့ပြီး ပီယာရီက သွင်းယူခဲ့ခြင်းဖြစ်သည်။ သရေကျပြီးနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ပိုရှိလာပြီး ၇၄ မိနစ်တွင် စန်းသော်သော်က မြန်မာအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။

မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့၏ ဒုတိယခြေစမ်းပွဲကို ဇူလိုင် ၁၂ ရက်တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး**

# ပဲခူးတိုင်းဒေသကြီးအတွင်း အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



ပဲခူး ဇူလိုင် ၉

ပဲခူးတိုင်းဒေသကြီးအတွင်း အခွန်ဘဏ္ဍာငွေပိုမိုတိုးတက်ရရှိစေရေး၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ဆောင်ရွက်စေရေး၊ အခွန်ကြွေးကျန်များ၊ အခွန်တိမ်းရှောင်မှုနှင့် အခွန်လွတ်ကင်းမှုမရှိစေရေး အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အဆိုပါ ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၄-၆-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၇/ ၂၀၂၄ဖြင့် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့၊ တိုင်းဒေသကြီး အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့၊ မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်းပြီး အခွန်ကောက်ခံရရှိမှုများ ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးနှင့် အခွန်ပိုမိုတိုးတက် ရရှိရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်း စားသောက်ဆိုင်လုပ်ငန်း၊ ဟိုတယ်/တည်းခိုခန်းလုပ်ငန်း၊ ရွှေထည် လက်ဝတ်ရတနာရောင်းချသည့် လုပ်ငန်း၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများရောင်းချသည့်လုပ်ငန်း စုစုပေါင်းလုပ်ငန်းရှင် ၃၈၂၃ ဦးရှိကြောင်း၊ စားသောက်ဆိုင်များတွင်လည်း ပြေစာတောင်းယူနိုင်ရန်အတွက် စားသုံးသူမိဘပြည်သူများသို့ အသိပေးနှိုးဆော်စာ ကြော်ငြာဗွီနိုင်းများ ကပ်ထားပြီးဖြစ်ကြောင်း၊ ပြေစာရရှိသော်လည်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားမှုမရှိခြင်း၊ ကျသင့်အခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားမှုမရှိခြင်းများ တွေ့ရှိပါက အထောက်အထားနှင့်အတူ နီးစပ်ရာအခွန်ရုံးသို့ တိုင်ကြားနိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဟိုးလှိုင်က အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများအကြောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသော အခွန်ထမ်းပြည်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ကိုတွတ် (ပြန်/ဆက်)

# ကလိန်အောင်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကလိန်အောင် ဇူလိုင် ၉

သစ်တောဦးစီးဌာန တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မိတ်ဖက်ကုမ္ပဏီများ၊ CSR အဖွဲ့များ၊ ဌာနဆိုင်ရာ/အဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စီမံကိန်းဧရိယာမှ ဒေသခံပြည်သူများ စုပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ အမှတ် (၃)ရပ်ကွက်ရှိ အောင်သီရိဘုရားဝင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။




အဆိုပါမိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တနင်္သာရီသဘာဝကြိုးဝိုင်း စီမံကိန်းမှ ဥယျာဉ်အုပ်ချုပ်ရေးမှူးနှင့် စီမံကိန်းဝန်ထမ်းများ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းမှ ကိုယ်စားလှယ် အရာရှိများ၊ PTTEP International Limited မှ Site Manager Mr.Pricha Chitta၊ ရတနာ လူမှုစီးပွားစီမံကိန်းမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ/အဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ အပါအဝင် စုစုပေါင်း ၁၂၀ က စုပေါင်းစိုက်ပျိုးခဲ့ရာ ပျဉ်းကတိုးပင် ၁၀၀၊ သက်န်းပင် ၁၀၀၊ ကံ့ကော်ပင် ၁၀၀၊ ခရေပင် ၁၀၀၊ သပြေပင် ၇၀၊ သင်းဝင်ပင် ၇၀ စုစုပေါင်းပျိုးပင် ၅၄၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ခင်ခင်လှဲ့(ပြန်/ဆက်)

# ပေါင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်



ပေါင် ဇူလိုင် ၉

လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ပေါင်မြို့နယ် အထက (အလှပ်)တွင် ဇူလိုင် ၈ ရက် နံနက်ပိုင်းက ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်း ဆောင်ရွက်ပေးရာတွင် မြို့နယ် လဝကဦးစီးမှူး ဦးသန်းဝင်းဇော်နှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ကြားပြည်သူ ၅၀၊ အသက် ၁၈ နှစ်နှင့်အထက်ပြည်သူ ၄၂ ဦး စုစုပေါင်း ၉၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ် ပြုလုပ်ပေးခဲ့ပြီး Mတံဆိပ်ပါ ရွှေ့ပြောင်း အိမ်ထောင်စုစာရင်း ၅၀ ပြုလုပ်ပေးခြင်း၊ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သထုံခရိုင်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များက ပန်းခင်းစီမံချက် အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းကိုကြည့်ရှုခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မွန်မလေး (ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၇-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၆၅ | ၂၇၄၀ | ၂၆၉၅ | ၂၇၆၅ | ၂၇၈၀ | ၂၇၉၀ | ၂၇၄၅ | ၂၈၇၅ | ၂၉၀၅ | ၂၇၅၀ | ၂၇၇၀ | ၂၈၀၀ | ၂၇၉၀ | ၂၈၀၀ | ၃၂၁၀ | ၃၈၀၀ |
| 95 Ron | ၂၈၁၅ | ၂၈၉၅ | ၂၈၇၅ | ၂၈၂၅ | ၂၈၉၅ | ၂၉၃၀ | ၂၉၂၀ | ၂၈၇၅ | ၃၀၀၅ | ၃၀၃၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၀ | ၂၉၂၀ | ၂၉၃၅ | ၃၃၄၀ | ၃၉၅၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၆၀ | ၂၅၄၀ | ၂၄၉၀ | ၂၅၆၀ | ၂၅၇၅ | ၂၅၈၅ | ၂၅၄၀ | ၂၆၇၅ | ၂၇၀၅ | ၂၅၅၀ | ၂၅၆၅ | ၂၆၀၀ | ၂၅၈၅ | ၂၆၀၀ | ၃၀၀၅ | ၃၉၀၀ |
| HSD (50 ppm) | ၂၉၁၅ | ၂၉၉၀ | ၂၉၇၀ | ၂၉၂၅ | ၂၉၉၅ | ၃၀၀၅ | ၃၀၁၅ | ၂၉၇၅ | ၃၁၀၅ | ၃၁၃၅ | ၂၉၈၀ | ၂၉၉၅ | ၃၀၃၀ | ၃၀၂၀ | ၃၀၃၀ | ၃၄၄၀ | ၃၉၀၀ |
| HSD (10 ppm) | ၂၉၁၅ | ၂၉၉၀ | ၂၉၇၀ | ၂၉၂၅ | ၂၉၉၅ | ၃၀၀၅ | ၃၀၁၅ | ၂၉၇၅ | ၃၁၀၅ | ၃၁၃၅ | ၂၉၈၀ | ၂၉၉၅ | ၃၀၃၀ | ၃၀၂၀ | ၃၀၃၀ | ၃၄၄၀ | ၃၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၀ | ၂၆၂၄ |
| 95 Ron | ၂၆၆၈ | ၂၇၅၅ |
| HSD (500 ppm) | ၂၃၄၄ | ၂၄၂၁ |
| HSD (50 ppm) | ၂၇၆၁ | ၂၈၄၆ |
| HSD (10 ppm) | ၂၇၆၁ | ၂၈၄၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး မြန်အောင် မြို့မရဲစခန်းအချုပ်အား ကြည့်ရှုစစ်ဆေး

မြန်အောင် ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးဝင်းမြိုင်သည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ထွေးထွေး၊ မြန်အောင်ခရိုင်တရားသူကြီး ဦးနေလင်းစိုးတို့နှင့်အတူ ယနေ့ နံနက်က မြန်အောင်မြို့မရဲစခန်းအချုပ်အား ကြည့်ရှုစစ်ဆေးခဲ့သည်။

စစ်ဆေးရာတွင် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့်တာဝန်ရှိသူများသည် အချုပ်သား၊ အချုပ်သူများ၏ အချုပ်ခန်းအတွင်း နေရာထိုင်ခင်းအခြေအနေ၊ သောက်သုံးရေရရှိမှု၊ အာဟာရသင့်တင့်မျှတမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဥပဒေပါ အခွင့်အရေးရရှိမှုရှိ၊ မရှိတို့နှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီး မြန်အောင်ခရိုင်တရားရုံးနှင့်မြန်အောင်မြို့နယ်တရားရုံးတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျိုင်းတုံမြို့၌ လားဟူ တိုင်းရင်းသားရိုးရာ လွယ်အိတ်ချုပ်သင်တန်းဖွင့်

ကျိုင်းတုံ ဇူလိုင် ၉

တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးက ဦးစီးကျင်းပသည့် လားဟူရိုးရာလွယ်အိတ်ချုပ်သင်တန်းဖွင့်ပွဲကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြန်မာနိုင်ငံလုံးဆိုင်ရာ လားဟူစာပေနှင့် ယဉ်ကျေးမှုအသင်းချုပ်ရုံး၌ ယနေ့ ကျင်းပသည်။



## ရှင်းလင်းပြောကြား

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက အမှာစကားပြောကြားပြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူး ရုံးမှ ပြည်နယ်တာဝန်ခံ ဦးချစ်ဇော်လင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပစ္စည်းများကိုပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက သင်တန်းသားများအား ပေးအပ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်းမောင်မောင်နှင့် တာဝန်ရှိသူများက သင်တန်းနည်းပြဆရာမများအား ဂုဏ်ပြုလက်မှတ်နှင့် ပညာရှင်ချီးမြှင့်စရိတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ပြီး ဇူလိုင် ၉ ရက်မှ ဩဂုတ် ၉ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့နောက် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်းရှိ ပြခန်းများတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ၁၃ ဖွဲ့၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ အသုံးအဆောင်ပစ္စည်းများ ထားရှိခင်းကျင်းပြသနိုင်ရေးနှင့် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ဝ၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကပါလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းနှင့်ဆုံရာမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ဝ၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံအထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/ လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့



# ပဲခူးမြို့၌ (၇၇)နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများ ကျင်းပ

ပဲခူး ဇူလိုင် ၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြိုဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲများကို ဇူလိုင် ၉ ရက်က ကျင်းပသည်။

ဦးစွာ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာကြည်က အဖွင့်အမှာစကား ပြောကြားပြီး "ရိုသေခန့်ညား အာဇာနည်များ"ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲကိုကျင်းပရာ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြသည့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ၏ သိမှတ်စွမ်းရည်ကို စစ်ဆေးပြီး မြန်မာစာဘာသာရပ်မှူး ဒေါ်လေးလေးနွယ်က ဆုများချီးမြှင့်ပေးသည်။

ထို့ပြင် "မြင့်မြတ်စိတ်ထား အာဇာနည်စွမ်းပကား" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲများကို ကျင်းပရာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းတို့မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၉ ရက်က (၇၇)နှစ်မြောက် အာဇာနည်နေ့အကြို ကဗျာ၊ စာစီစာကုံးပြိုင်ပွဲ ကျင်းပစဉ်။ သတင်းစဉ်

# အင်းစိန်မြို့နယ်၌ အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် မြို့နယ်အဆင့် (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကို ယမန်နေ့ နံနက် ၉ နာရီက အင်းစိန် ပိန္နဲကုန်းရပ်ကွက် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ထိုသို့ ကျင်းပရာတွင် အင်းစိန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက စာစီစာကုံးပြိုင်ပွဲဝင် ၁၀၃ ဦးနှင့် ကဗျာပြိုင်ပွဲဝင် ၁၉ ဦး စုစုပေါင်း ၁၂၂ ဦးတို့ ဝင်ရောက် ယှဉ်ပြိုင်ကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းဝင်းနွယ်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်မိမိမော်နှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများက ကြီးကြပ် ဆောင်ရွက်ကြသည်။

အဆိုပါ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊တတိယ ဆုများရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရွှေကျင်မြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

ရွှေကျင် ဇူလိုင် ၉

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ဆုပေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ရှမ်းကြေးရပ်ကွက် အထက(တပ်နယ်) ပညာအလင်းရောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်တင်တင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သဲစုအောင်က အာဇာနည်စိတ်ဓာတ်အကြောင်းကို အသိပညာပေးပြောကြားသည်။ ဆက်လက်၍ အထက(တပ်နယ်)မှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများက အာဇာနည်နေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ခြင်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများက အာဇာနည်နေ့အထိမ်းအမှတ်



ဟောပြောခြင်းများကို ပြိုင်ပွဲဝင်ကြသည်။ ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသန်းဝင်း(သာထက်အောင်)က ကျောင်းသား ကျောင်းသူများအား အာဇာနည်နေ့ဖြစ်ပေါ်လာပုံအကြောင်းကို ဟောပြောသည်။

ထို့နောက် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

# သထုံမြို့နယ်၌ ရေဘေးနှင့် မြေပြိုဘေးအန္တရာယ် သတိပြုကာကွယ်ရေး အသိပညာပေး လိုက်လံနှိုးဆော်

သထုံ ဇူလိုင် ၉

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်များ သတိပြုကာကွယ်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန သထုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ယမန်နေ့ မွန်းလွဲပိုင်းက အသံချဲ့စက်ဖြင့် အသိပညာပေး လိုက်လံနှိုးဆော်ကြသည်။

အသိပညာပေးနှိုးဆော်ရာတွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူအေးဦးဆောင်သည့် ဝန်ထမ်းများက သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာ၊ ဈေးမသွယ်အထက်ကျေးရွာနှင့် ဈေးမသွယ်အောက်ကျေးရွာတို့တွင် ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ဆိုင်ရာ သတိပြုကြရမည့် ဆောင်ရန်/ရှောင်ရန်အချက်များကို ပြည်သူများ သိရှိစေရန်အတွက် အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်အသိပညာပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မိတ္ထီလာမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြော



**မိတ္ထီလာ ဇူလိုင် ၉**

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အဆိုပါ ဟောပြောပွဲတွင် မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဝင်းက သန်းခေါင်စာရင်းနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက် လာသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက သန်းခေါင်စာရင်းပစ္စည်းများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရန်ကင်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မြေပြင်ကွင်းဆင်းဆောင်ရွက်

**ရန်ကင်း ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၄)ရပ်ကွက် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းဝင်း၌ ယနေ့နံနက် ၉ နာရီက မြန်မာတိုင်းရင်းသား လူမျိုးနွယ်စုများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့်နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်မျိုးမျိုးရရှိနိုင်ရေးအတွက် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းအောင်၏ကြီးကြပ်မှုဖြင့် ဒုလဝကမှူးဒေါ်ဝေမာ ဦးဆောင်သော ဝန်ထမ်းအဖွဲ့များက အမှတ်(၁၄)ရပ်ကွက်အတွင်း နေထိုင်ကြသော မြန်မာတိုင်းရင်းသားလူမျိုးနွယ်စုများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်မျိုးမျိုးရရှိနိုင်ရေး ကွင်းဆင်း ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ရန်ကင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းကို ပန်းခင်းစီမံချက်အဆင့်(၁)၊(၂)တို့တွင် ရာနှုန်းပြည့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခုအခါ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် မြို့နယ်အတွင်း ပြည်သူများအား မေ ၃ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

## မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ

MINISTRY OF HEALTH
ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

- **ပြင်းထန်ဝမ်းပျက်ဝမ်းလျှော** ရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသောရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့်ကူးစက်ဖြစ်ပွားစေပါသည်။
- **ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။
- **ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင်ရှိနေသော ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောလက် စသည်တို့မှ တစ်ဆင့် လည်းကောင်း၊ အစားအစာ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း(သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း(ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊အညစ်အကြေး မြေသြဇာအသုံးပြုခြင်း)တို့မှ တစ်ဆင့် စားသောက်မိသူများအားကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။
- **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံသော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊နလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား၏ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။
- **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ–**
  - အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန် ၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန်နှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာ စနစ်တကျ ဆေးကြောပါ။
  - တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
  - ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။
  - ရေကို ကျိုချက်၍သောက်သုံးပါ။
  - အစားအစာများကို ကျက်အောင်ချက်ပြီးမှစားသုံးပါ။
  - အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။
  - ခြင်၊ ယင် တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။



ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုခံယူရန် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ပြည်သူ့ဆေးရုံများသို့သွားရောက်ပြသပါ။

ဇူလိုင်၊ ၂၀၂၄

**စာအုပ်စာပေ လှူမိတ်ဆွေ**



# ချောင်းဆုံမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးမှု ကွင်းသရုပ်ပြပွဲကျင်းပ

**ချောင်းဆုံ ဇူလိုင် ၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှဦးစီး၍ ယနေ့နံနက်ပိုင်းက နတ်မော်ကျေးရွာ ကွင်းအမှတ်-၇၇၉(က)ရှိ တောင်သူဦးသန်းထွန်းဝင်း၏ မိုးစပါးစိုက်ဧက ၁၁ ဧကတွင် ဆင်းသုခမျိုးစပါးအား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးမှု ကွင်းသရုပ်ပြပွဲ ကျင်းပသည်။

မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကြောင့် မျိုးစေ့ကုန်ကျမှု လျှော့ချနိုင်ခြင်း၊ ပျိုးနုတ်ရန်မလိုခြင်းကြောင့် ပျိုးပင်ထိခိုက်မှုသက်သာကာ အမြစ်ကြီးထွားမှုစောစီးစွာရရှိခြင်း၊ မြေသြဇာအသုံးပြုရာတွင် အကျိုးသက်ရောက်မှုမြင့်မားခြင်း၊ ရေကြီးနစ်မြုပ်ခြင်းနှင့် ရေငတ်ဒဏ်ကို ပိုမိုခံနိုင်ရည်ရှိခြင်းတို့ကြောင့် အထွက်နှုန်းသိသာစွာ တိုးပွားလာမည်ဖြစ်ကြောင်း၊ မြို့နယ်အတွင်း မျိုးစေ့ချကိရိယာဖြင့် ဧက ၈၀ စိုက်ပျိုးနိုင်ခဲ့ပြီး ဆက်လက်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်လွင်ထံမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အတွင်း မိုးစပါး ၆၅၂၄၂ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လအထိ ဧက ၃၃၅၂၀ စိုက်ပျိုးနိုင်ခဲ့ရာ လျာထားချက်၏ ၅၁ ဒသမ ၃၈ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ ပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ရေတာရှည် ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာခြောက်ရွာသို့ ယမန်နေ့နံနက် ၈ နာရီက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် ကြံသနွယ်ကျေးရွာအုပ်စု နန်ချွန်(တောင်)ကျေးရွာတွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူလုပ်အားထည့်ဝင်ငွေကျပ်သိန်း ၄၀၊ ဆွာမင်းလမ်းအုပ်စု စီပင်အေးကျေးရွာတွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူလုပ်အားထည့်ဝင်ငွေကျပ်သိန်း ၄၀ စီဖြင့် ဆောင်ရွက်နေမှုများကို ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါကွင်းဆင်းစစ်ဆေးရာ၌ ခရိုင်ဦးစီးမှူးဦးသန့်ဇင်မျိုးက လုပ်ငန်းဆောင်ရွက်ရာတွင် စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်းနှင့် ဒေါ်သိန်းတင်လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂.ဂျီ၊ မြေကွက် အမှတ်-(II ၁၅၀ နှင့် ၁၅၀ A) ၏ တစ်စိတ်တစ်ဒေသ၊ (၉.၇၂၅)ကေခန့်ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် ကန်တော်ကြီးရိပ်သာအဆင့်မြင့်အိမ်ရာစီမံကိန်းမှ Apartment (Ground Floor + Pent House)အဆောက်အဦအမှတ် (Y-10) ရှိ အခန်းအမှတ်-(901)၊ အကျယ်အဝန်း (၂၄၀၀)စတုရန်းပေ အကျယ်ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်အပြီးသတ် ဆောင်ရွက်ပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်သူ Mother Construction Co., Ltd. (ကိုယ်စား) ဒေါ်ကြည်မြင့်သွင် (ဒါရိုက်တာ) [၁၂/ဗဟန(နိုင်)ဝ၇၂၄၄၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက တိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုကာ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်းနှင့် အဆိုပါတိုက်ခန်း၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများလည်း လက်ရောက်ရရှိထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၈)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်းအမှတ်(A- 1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၀၃၂၆၁၄၅**

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်းနှင့် ဒေါ်သိန်းတင်လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂.ဂျီ၊ မြေကွက် အမှတ်(II ၁၅၀ နှင့် ၁၅၀ A) ၏ တစ်စိတ်တစ်ဒေသ၊ (၉.၇၂၅) ကေခန့်ရှိမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် ကန်တော်ကြီးရိပ်သာအဆင့်မြင့်အိမ်ရာစီမံကိန်းမှ Apartment (Ground Floor + Pent House)အဆောက်အဦအမှတ် (Y-10) ရှိ အခန်းအမှတ်-(902)၊ အကျယ်အဝန်း (၂၄၀၀) စတုရန်းပေ အကျယ်ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်အပြီးသတ် ဆောင်ရွက်ပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်သူ Mother Construction Co., Ltd. (ကိုယ်စား) ဒေါ်ကြည်မြင့်သွင် (ဒါရိုက်တာ) [၁၂/ဗဟန(နိုင်)ဝ၇၂၄၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက တိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုကာ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်းနှင့် အဆိုပါတိုက်ခန်း၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများလည်း လက်ရောက်ရရှိထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၈)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်းအမှတ်(A- 1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၀၃၂၆၁၄၅**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၄၃၅/ဘီ)၊ အကျယ်အဝန်း (၄၀ ပေx ၆၀ ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ (၅-လွှာ)၊ တိုက်ကိုမျက်နှာမူလျှင် လက်ဝဲဘက်အခြမ်း၊ တိုက်ခန်းအကျယ်အဝန်း (၁၉ ပေ x ၅၄ ပေ)ရှိ တိုက်ခန်း တစ်ခန်းနှင့် ကိုယ်ပိုင်ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင်၊ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဒေါ်လဲ့ယဉ်ဝင်း [၁၂/ဥကတ(နိုင်)၀၅၆၆၁၁]က ဥပဒေနှင့်အညီ စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ခံဝန်ကတိပြုရောင်းချလာသည့်အတွက် ကျွန်ုပ်ဒေါ်ရည်မွန်သန့် [၇/အတန(နိုင်)၁၃၁၂၈၆]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကန့်ကွက်သူမရှိပါလျှင် ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ရည်မွန်သန့်**
**[၇/အတန(နိုင်) ၁၃၁၂၈၆]**
**Ph:09-788804906**

## သမီးအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ပဏ္ဍိတလမ်းသွယ်၊ အမှတ်(၈)နေ ဒေါ်ရီရီသန်း၏သမီးဖြစ်သူ မစုနှင်းထက် [၁၂/လမန(နိုင်) ၁၅၉၉၀၄]သည် မိခင်၏ ပြောဆိုဆုံးမမှုများကို လိုက်နာမှုမရှိဘဲ မိခင်အား စိတ်ဆင်းရဲစေရန်၊ အရှက်တကွဲ အကျိုးနည်းဖြစ်စေရန် အမြဲတစေ ပြုမူဆောင်ရွက်သည့်အပြင် လွန်ခဲ့သည့်(၃)လခန့်ကတည်းက နေအိမ်မှဆင်းသွားသဖြင့် ၎င်းအား သမီးအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ မစုနှင်းထက်နှင့်ပတ်သက်သော ကိစ္စမှန်သမျှအားလုံးနှင့် ဆောင်ရွက်မှုမှန်သမျှသည် မိခင်နှင့် လုံးဝမသက်ဆိုင်ပါကြောင်း၊ မိခင်ဒေါ်ရီရီသန်းမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီရီသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိမ်းလဲ့စိုး (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၉၄၉/၂၆-၁၁-၂၀၁၉)**
**အမှတ်(၈၃)၊ အခန်း(၁၄)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၅၈၅၀၉၃။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ် (၄၄)၊ တွင်တည်ဆောက်ထားသည့် (၈)ထပ်တိုက်၏ အပေါ်ဆုံးလွှာ ဘယ်ခြမ်း၊ အကျယ်အဝန်း (၁၂ ပေခွဲ x ၅၀ ပေ) ခန့်ရှိ တိုက်ခန်းကို ဦးမောင်ကြိုင်အမည်ပေါက် ပိုင်ဆိုင်ပြီး ၎င်းတိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးနေလင်း [၁၄/ပသန(နိုင်)၀၀၁၈၅၉] ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇင်လှိုင် (LL.B), B.A (Business Law),CBL**
**အထက်တန်းရှေ့နေ (စဉ်-၅၀၈၃၈/၂၆.၃.၂၀၁၉)**
**တိုက်(၄၁)၊ အခန်း(၁၃)၊ ဗဟိုရ်စည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၂၄၂၆၇၃**

## ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၁၆)ရပ်ကွက်၊မာလာမြိုင်(၅)လမ်း တိုက်အမှတ်(၅၉)ဟုခေါ်သည့်(၂)ခန်းတွဲ(၆-ထပ်) ကန်ထရိုက်တိုက်၏(စတုတ္ထထပ်/၅-လွှာ/A ခေါင်းရင်းခန်း၊ အကျယ်အဝန်း(၁၂½×၅၀)ပေခန့်ရှိ တိုက်ခန်းအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

အထက်ပါတိုက်ခန်းကို မြေရှင်နှင့်ကန်ထရိုက်စာချုပ်အရ တရားဝင်ပိုင်ဆိုင်သူ မြေပိုင်ရှင်-ဒေါ်အေးကြည်(၁၂/လမန(နိုင်)၀၁၆၂၁၄)က အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ-ဦးဗိုလ်မင်းထွန်း(၁၂/လမန(နိုင်)၁၃၅၄၆၅)ကအပြီးအပိုင် ဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိုဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

**ဦးသန့်ဇင် (LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်(LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၃၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ဆည်လောင်းကျေးရွာနေ အဖဦးမြင့်သန်း၏သမီး ကျွန်မ မမေဇင်သက် [၇/ပမန(နိုင်)၁၈၆၁၇၃] ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-129005) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၀၃၄၈၅၈**

## တွေ့ရှိပါကအကြောင်းကြားပေးပါရန်

AKT Holdings Co., Ltd. ၏ Release Order Notification No. 100274400220 (28.2.2024) နှင့် No. 100275205000 (12.3.2024) တို့မှာ (2.4.2024) ရက်နေ့က မြဝတီမှ ရန်ကုန်သို့ BRIGHT DAWN ကုမ္ပဏီပိုင်ကားဖြင့်ပို့ပေးရာ လမ်းတွင်ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက ဆက်သွယ်ပေးစေလိုပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဆက်သွယ်ရန် (ဖုန်း) 09 51088445
ဦးအောင်သိန်း LL.B (စဉ်-၃၄၃၂)
ဒေါ်မေမီလှိုင် LL.B, LL.M (စဉ်-၉၇၆၅)
တရားလွှတ်တော်ရှေ့နေများ

**ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ (၆)လမ်းနှင့် ကမ်းနားလမ်း၊ အမှတ်(၆၀၄)၊ ၉+၁၀ လွှာ၊ ဟောင်ကောင်အမျိုး (၅ ထပ်) ဝဲဘက်၊ အကျယ်အဝန်း (၁၂.၅ ပေ x ၇၀ ပေ) နှင့် ပတ်သက်၍ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်**

အထက်ရည်ညွှန်းလိပ်စာဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ တိုက်ခန်းပိုင်ဆိုင်သူက အနောက်ပိုင်းခရိုင်တရားရုံးတွင် အနိုင်ဒီကရီရရှိသူ ရှောင်ညီယုံ(ခ) မောင်မောင် [၁၂/ဗဟန(နိုင်)၀၈၂၄၉၀] က တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပါကြောင်း ဝန်ခံလျက် တိုက်ခန်းဝယ်ယူသူ ဦးရန်အောင်(ခ) ရဲစိုးအောင် [၁၄/ပသန(နိုင်)၁၇၃၆၃၉]အား ရောင်းချမည်ဟုကမ်းလှမ်းရာ ဝယ်သူက ဝယ်ယူရန်သဘောတူပြီး စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။

ထိုတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုကိစ္စအရပ်ရပ်ကို ကန့်ကွက်လိုသူရှိပါက ထိုတိုက်ခန်းပိုင်ဆိုင်မှု၏ စာချုပ်မူရင်းနှင့်တကွ ဆက်စပ်စာချုပ်များကို တင်ပြပြီး ကျွန်ုပ်ထံသို့ ကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးချစ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၄၅)**
**အမှတ်(၃၁)၊ မြေညီထပ်၊ ၉-လမ်း၊ ၄-ရပ်ကွက်၊**
**လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၂၆၅၂၄၁၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၆

**ဒေါ်ခင်မိုးမိုးလှိုင်** (တရားလို) နှင့် **ဦးတင်မြင့်** (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ (၁၈)လမ်းအနောက်၊ အမှတ်(၇၃၆/က)ရပ်နေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင် **ဦးတင်မြင့်** သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု"** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်၊ (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်)၊ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ကေသွယ်နိုင် )**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၆ / ၂၀၂၄-၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-032(24-25)CAP (Second Retender) | 1.5 MW Gas Engine Driven Generating Set (Container Type ) Attached with switch Gear Panel (1) Set | Ks |
| (၂) | DMP/L-162(24-25) (Third Retender) | Coolant (2) Items | Ks |
| (၃) | DMP/L-172(24-25) (Retender) | PGO-140 GL 5 Gear Oil (150) Drums | Ks |
| (၄) | DMP/L-174(24-25) (Retender) | ISO VG 100 Gas Compressor Oil (125) Drums | Ks |
| (၅) | DMP/L-183(24-25) | 14.00 x 25 Tubless Tyre (20) Nos | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၁၀-၇-၂၀၂၄** ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၂၄-၇-၂၀၂၄ ရက်နေ့ (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (**လူကိုယ်တိုင်**) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၅၇)၊ ခနသီရိကွန်ဒို ၊အခန်းအမှတ်(3/B)၊(3)လွှာ၊(၁၆၂၅)စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းကြူ(၁၂/အစန(နိုင်)၀၉၀ရ၃၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက် အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ထက်ထက်အောင် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၅၃ရ၆)

**09-4080 988 22, 09-4008 600 81**
အမှတ် (1/A2)၊ မြသီတာအိမ်ရာ ၊ မြင်သာ (၁၁) လမ်း ၊ တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်မြို့။

## "ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ"

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/မာန်ပြေ၊ မြေကွက်အမှတ်-၅၄၇/က၊ ဧရိယာ (၂၀ ပေ x ၆၀ ပေ)၊ မြေကွက်တည်နေရာအမှတ် (၅၄၇/က)၊ မာန်ပြေ(၁၃)လမ်း၊ ၃/မာန်ပြေ ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်တင်နွဲ့ (CF-၁၀၅၇၄၅) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ဒေါ်တင်နွဲ့အား တရားပြိုင်ထားကာ ဒေါ်နှင်းသီတာထွန်းမှ တရားလိုပြုလုပ်၍ သာကေတမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်-၃၉/၂၀၂၂ ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၃-၉-၂၀၂၂) ရက်စွဲပါ စီရင်ချက်ဒီကရီ၊ တရားမဇာရီမှုအမှတ်-၃၇/၂၀၂၂ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၆-၁-၂၀၂၃)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ သာကေတမြို့နယ်တရားရုံး၏ (၁၀-၁-၂၀၂၃) ရက်စွဲပါစာအမှတ်၊ ၃၀/ဇာရီ- ၃၇/၂၀၂၂ ဖြင့် တရားရုံးကိုယ်စား မြေပုံ၊ မြေရာဇဝင်ကူးယူနိုင်ရန် အကြီးတန်းစာရေး (ဘီလစ်)ဒေါ်မိုးပပမျိုးအား တာဝန်ပေးထားပြီး ဖြစ်ပါကြောင်း၊ သို့ပါ၍ လိုအပ်သောကိစ္စအဝဝကို ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ပါရန် ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဘီလစ် ဒေါ်မိုးပပမျိုး [၁၂/ဥကတ(နိုင်) ၁၄၈၈၅၇] မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄) ရပ်ကွက်၊ A-၁၇-လမ်း၊ ယုဇနဥယျာဉ်မြို့တော်အိမ်ရာ၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၀၀၄) ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းရွှေ [၁၂/လမန(နိုင်)၁၁၃၇၆၃] ထံမှတစ်ဆင့် အဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးချမ်းမြေ့ခိုင်[၁၂/သဃက(နိုင်)၁၇၂၆၄၄] က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၉/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၀၉)၊ မြေဧရိယာ (၀ ဒသမ ၀၂၇၅) ဧကရှိ မြေကွက်အား မြေငှားဂရန်သစ်လျှောက်ထားနိုင်ရေး ဒေါ်ရီသား [၉/မမန(နိုင်)၀၄၉၂၈၅] မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစံထွန်း(LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၃၂ )**
**အမှတ်(၂၂၀)၊ ဆင်ဖြူရှင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊**
**နေပြည်တော်။ ဖုန်း- ၀၉-၄၃၁၁၆၅၃၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၅၂-လမ်း၊ တိုက်အမှတ်-၄၃၊ ၃လွှာ (ဝဲဘက်ခန်း)တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်ကြောင်းအဆိုပြုသူဒေါ်စုစန္ဒာဆွေ[၁၂/မဂဒ(နိုင်)၁၁၅၈၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်သော စာရွက်စာတမ်းများတင်ပြ၍ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်နိုင် (B.Sc, H.G.P)**
**အထက်တန်းရှေ့နေ (စဉ်-၃၉၉၃)**
**အမှတ်(၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၆၇၉၅၆၃၄၅**

## "အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၈)၊ မေဓာဝီလမ်းမကြီး၊ မြေကွက်အမှတ်(၅၁၉/၅၂၀) ဟုခေါ်တွင်သော အလျားxအနံ (၄၀x၆၀) ပေမြေကွက် ပေါ်တွင် ဆောက်လုပ်ထားသည့် (၈)ထပ်ခွဲ၊ RC တိုက်၏ ပဉ္စမထပ် ခြေရင်းခြမ်း (မြေကွက်အမှတ်-၅၂၀ ဘက်အခြမ်း)၊ အကျယ်အဝန်း အလျားxအနံ (၁၈x၅၄) ပေ တိုက်ခန်း၊ ဓာတ်လှေကား၊ (ရေ+မီး) အပါအဝင် တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ငွေကြယ်အိမ် အုပ်စုကုမ္ပဏီလီမိတက်မှ မိမိတို့ လက်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိသန်းထွန်း [၁၂/ဥကမ(နိုင်)၁၈၉၂၃၃] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက (၁၉-၇-၂၀၂၄) ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်အိအိသန်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင့်ဝင့်ထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၀၆၉)**
**အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၆၁၁၀၁၁၃၄**

## "အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၅)၊ သာလွန်လမ်း၊ မြေကွက်အမှတ် (၃၈၉/၃၉၀) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၈၀)ပေ × အနံ(၆၀)ပေ (ပါမစ်မြေ အမျိုးအစား) မြေကွက်အပါအဝင် မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်တင်ဆန်း (၉/ပမန(နိုင်) ၁၈၈၃၁၇) မှ လက်ရှိပိုင်ဆိုင်ပြီးရောင်းချခွင့် ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန် အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်ရန် ရှိပါက (၁၆. ၇. ၂၀၂၄) ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းအပြည့်အစုံဖြင့် လာရောက် ကန့်ကွက် နိုင်ပါကြောင်း နှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦး သဘောတူ မြေကွက်အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်ဝင့်ဝင့်ထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ (စဥ် - ၁၈၀၆၉)
အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၂၆၁၁၀၁၁၃၄

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ စကားဝါ (၃)လမ်း၊ အမှတ်-၂၄၀၊ ၄-လွှာ(B) နေ ဦးအောင်ကျော်မိုး(ဘ)ဦးခင်ညိန်း [၁၂/သကတ(နိုင်)၁၁၄၈၇၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်မိုး [၁၂/သကတ(နိုင်) ၁၁၄၈၇၅] နှင့် ဒေါ်အေးကြူစိုး (ဘ)ဦးတင်ဝင်း [၁၂/ဥကမ(နိုင်) ၁၄၇၁၇၃] တို့သည် (၁၈-၁၂-၂၀၀၃)နေ့မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သား(၁)ဦးထွန်းကားခဲ့ပါသည်။ ယခုအခါ ဒေါ်အေးကြူစိုးသည် (၉-၇-၂၀၂၄)နေ့တွင် ၎င်း၏သဘောဆန္ဒအရ နေအိမ်မှဆင်းသွားသဖြင့် ယနေ့မှစ၍ ဒေါ်အေးကြူစိုးနှင့် ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်ကျော်မိုးတို့သည် အကြင်လင်မယားအဖြစ် ပတ်သက်ခြင်းမရှိတော့ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝများကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်မိုး ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြူကြူမာ(LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၉၇၃)**
**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၀၁၆၁၈၉၈၊ ၀၉-၄၃၁၁၇၇၃၃**

## ဒေါ်နှင်းယုဝေနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ မဟာလမ်းစင်တာ၊ အမှတ်(၅၆)၊ အခန်းအမှတ်(၂၀၇) Sunjin Myanmar Co., Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

လူကြီးမင်း ဒေါ်နှင်းယုဝေ [၉/ပမန(နိုင်)၂၃၈၃၈၉]၊ တပ်ပိုးရွာ၊ လမ်းပျဉ်းမနားဟောင်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်နေထိုင်သူသည် Sunjin Myanmar Co., Ltd ထံမှ မှာယူဝယ်ယူထားသော တိရစ္ဆာန်အစာဖိုး စုစုပေါင်းငွေကျပ် (၄၅,၀၇၈,၆၀၄/-) (ကျပ်သိန်းလေးရာငါးဆယ်ခုနစ်သောင်းရှစ်ထောင်ခြောက်ရာလေးကျပ်)အား ပေးချေရန် ကျန်ရှိနေပါသည်။ ကုမ္ပဏီ၏တာဝန်ရှိသူများမှ လူကြီးမင်း ဒေါ်နှင်းယုဝေအား အမျိုးမျိုးဆက်သွယ်အကြောင်းကြားသော်လည်း လူကြီးမင်းမှ ပြန်လည်ပေးဆပ်ခြင်းမရှိသည့်အတွက် ဒေါ်နှင်းယုဝေ ကိုယ်တိုင် ကုန်ဖိုးငွေများကို မည်သို့ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း ကုမ္ပဏီထံ ဤသတင်းစာကြေညာပါသည့်နေ့မှ (၇) ရက်အတွင်း အကြောင်းကြားဆက်သွယ်ပါရန် ကြေညာအပ်ပါသည်။

ဒေါ်နှင်းယုဝေအနေဖြင့် တစ်စုံတစ်ရာ ဆက်သွယ်အကြောင်းကြားခြင်းမရှိပါက Sunjin Myanmar Co., Ltd အနေဖြင့် ဒေါ်နှင်းယုဝေအား ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်နှင်းယုဝေနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမင်းထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၄၂၁၅/၂၀၁၈)**
**အမှတ်(၁၃၈)၊ ပတ္တမြားလမ်း၊ (၃)ရပ်ကွက်၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၅၅၅၂၂၆၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈ (ပဲမှိကုန်း)၊ မြေကွက်အမှတ်-၇၅/၂၊ မြေဧရိယာ(၀.၂၈)ဧကအား ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မန်ဇကျောင်း [၁၂/လမန(နိုင်) ၀၄၈၅၂၇] ၏ကိုယ်စား မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၀၀၇/၂၀၂၂ ရရှိထားသူ ဦးထန်မွန့်မန် [၄/တဇန(နိုင်)၀၀၈၆၉၀] နှင့် မြေတိုင်းရပ်ကွက်အမှတ်-၃၉၈(ပဲမှိကုန်း)၊ မြေကွက်အမှတ်-၇၅/၃၊ မြေဧရိယာ(၁.၁၄) ဧကအနက်မှ စတုရန်းပေ (၅၀၀၀)ခန့်အား ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးခန်ရိုးမန် [၁၂/အစန(နိုင်)၀၁၆၅၄၃] တို့မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အသီးသီးဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါဝင်သည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဝင့်သန္တာဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, M.A(Business Law)** | **LL.B** |
| **(စဥ်-၈၃၂၆)** | **(စဥ်-၅၂၁၁၉)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်-၉၆၊ (၄)လွှာနှင့် (၅)လွှာ၊**
**ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၁၀)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၄၅၅၅၆၅၊ ၀၉-၉၇၂၄၉၀၀၂**

## (၂၉-၅-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ-၂၂ တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ တပ်မြေ၊ ဆပ်သဖူးလမ်း၊ အမှတ်(၁၁)ဟုခေါ်တွင်သော (၂)ထပ်တိုက်၏ ပထမထပ်၊ အကျယ်အဝန်း (အလျား ၂၅ ပေ x အနံ ၅၀ ပေ) ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်စန်းမြင့်ရီ [၁၂/ပဇတ(နိုင်)၀၁၀၀၃၇] က ပိုင်ဆိုင်ကြောင်းကြေညာချက်ကို ပြန်လည်ရှင်းလင်း၍ အများသိစေရန်ကြေညာခြင်း

အထက်ပါလိပ်စာတွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းလွင်ဦး [၁၂/ပဇတ(နိုင်)၀၀၅၈၈၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်စန်းမြင့်ရီ [၁၂/ပဇတ(နိုင်)၀၁၀၀၃၇] နှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

အထက်လိပ်စာပါတိုက်ခန်းသည် မိခင်ဖြစ်သူဒေါ်တင်စိန် [၁၂/ပဇတ(နိုင်)၀၀၈၂၁၅] ပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ပါသည်။ မိခင်ဖြစ်သူ မကွယ်လွန်ခင်ကတည်းက အဆိုပါတိုက်ခန်းတွင် ကျွန်ုပ်မိတ်ဆွေ ဦးသိန်းလွင်ဦးနေထိုင်ပြီး ပိုင်ဆိုင်စာချုပ်မှာလည်း ၎င်း၏လက်ဝယ်တွင်ရှိပါသည်။ မိခင်ကြီး ကွယ်လွန်ပြီးသည့်အချိန်တွင် ညီမဖြစ်သူ ဒေါ်စန်းမြင့်ရီက ပိုင်ဆိုင်စာချုပ်ကို ခေတ္တပေးရန် ပြော၍ ကျွန်ုပ်မိတ်ဆွေက ပေးလိုက်ပါသည်။

(၂၉-၅-၂၀၂၄) ရက်စွဲပါကြေးမုံသတင်းစာတွင် ဒေါ်စန်းမြင့်ရီက လိပ်စာပါတိုက်ခန်းကို မိခင်ကြီးမကွယ်လွန်ခင်က မေတ္တာဖြင့် အပိုင်ပေးစာချုပ် ချုပ်ဆိုခဲ့ကြောင်းကို ကြေညာမှသာ ကျွန်ုပ်မိတ်ဆွေက သိရှိရပါသည်။ လိပ်စာပါတိုက်ခန်းအတွင်းတွင် ကျွန်ုပ်မိတ်ဆွေ၏ အသုံးအဆောင် ပစ္စည်းများ၊ ပရိဘောဂများ၊ စက်ဘီး စသည်တို့နှင့် အဖိုးတန်ပစ္စည်းများသည် ယနေ့တိုင် တည်ရှိနေပါသည်။ ကျွန်ုပ်မိတ်ဆွေသည် အပြင်သို့သွားရောက်နေစဉ် ဒေါ်စန်းမြင့်ရီက တိုက်ခန်းကို လာရောက်သော့ခတ်သွားခြင်းသာဖြစ်ပါသည်။

လိပ်စာပါတိုက်ခန်းသည် ကျွန်ုပ်မိတ်ဆွေနှင့်တကွ ညီအစ်ကိုမောင်နှမ(၅)ဦး ပူးတွဲပိုင်ဆိုင်သည့် အမွေပုံပစ္စည်းသာဖြစ်ကြောင်း၊ မိခင်ကြီးမကွယ်လွန်ခင်က ဒေါ်စန်းမြင့်ရီအား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ် ချုပ်ဆိုခြင်းမျိုး လုံးဝ(လုံးဝ)မရှိပါကြောင်း ဒေါ်စန်းမြင့်ရီနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးသိန်းလွင်ဦး** | **ဦးဝင်းဇေခိုင် (LL.B)** |
| **[၁၂/ပဇတ(နိုင်)၀၀၅၈၈၈]** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဥ်-၇၅၇၉၊ ၂၀-၂-၂၀၀၈)** |

**အမှတ် (၃၃/၄၉)၊ မြေညီထပ်**
**(Shine Condo)၊ ဘားလမ်း (အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၅၇၅၅၈၅၅၊**
**၀၉-၉၅၅၁၉၂၂၉၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၈/၄-တိုးချဲ့)ရပ်ကွက်၊ ဗညားဒလလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၈/၄-တိုးချဲ့)၊ မြေကွက်အမှတ် (၅၄၉)၊ အကျယ်အဝန်း (၂၀'×၆၀') အကျယ်ရှိ ဒေါ်သောင်းသောင်း (MGG-၀၄၀၀၂၀) အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးသိန်းထွန်း (၁၂/သကတ(နိုင်) ၁၂၁၀၀၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ) ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်ခိုင်ခိုင်စန်း** | **ဒေါ်နှင်းနုလွင်** |
| ( LL.B, D.B.L, D.I.L ) | ( LL.B ) |
| တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၄၆၁) | အထက်တန်းရှေ့နေ (စဥ်-၅၃၁၁၄) |

အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရတနာလမ်း၊ တိုက်အမှတ် (၁၂၀၀)၊ အခန်းအမှတ်(5-B)၊ စတုတ္ထထပ်၊ အကျယ်အဝန်း (၁၀၂၆) အကျယ်ရှိ ရေ+မီးစုံလင်စွာပါရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးအောင်ကြည် (၁၂/ဗတထ(နိုင်)၀၃၀၅၁၀) နှင့် ဒေါ်စန်းစန်းငွေး (၁၀/မလမ(နိုင်)၀၀၇၃၉၇) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ) ဖြင့် ယနေ့မှစ၍(၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်ခိုင်ခိုင်စန်း** | **ဒေါ်နှင်းနုလွင်** |
| ( LL.B, D.B.L, D.I.L ) | ( LL.B ) |
| တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၄၆၁) | အထက်တန်းရှေ့နေ (စဥ်-၅၃၁၁၄) |

တိုက်(၃)၊ အခန်း(၃၀၁)၊ မြေညီထပ်၊ မိုးကောင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

## သန္တိသုခ
## "ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ်-၄၉၉၊ (၅)လွှာရှိ လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ဖော်ပြပါ သန္တိသုခ အမှတ်တံဆိပ်ကို မူပိုင်အဖြစ် သုံးစွဲရန် တိုင်းရင်းဆေးဝါး မှတ်ပုံတင်လက်မှတ်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်တို့အား လွန်ခဲ့သော (၁၀)နှစ်ခန့်ကတည်းက ရရှိခဲ့ပါသည်။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်လက်ဝယ်ရရှိလျက်ရှိသည့် လွန်ခဲ့သော(၁၀)နှစ်ခန့်မှစ၍ ယနေ့ထက်တိုင် စဉ်ဆက်မပြတ် ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချလျက်ရှိနေပါသည်။ ကုန်အမှတ်တံဆိပ်မှာ အောက်တွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်ပါသည်-




အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား **"သန္တိသုခ"**ဟူသော အမည်အမှတ်အသားဖြင့် "သွေးတိုးကျဆေးမှ စ၍ တိုင်းရင်းဆေးဝါးမျိုးစုံ"တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် လပြည့်သစ္စာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးက ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံသူ/သားများ၏အားပေးမှုကြောင့် ကောင်းသတင်းဖြင့် ဆယ်စုနှစ်များစွာ ကျော်ကြားလျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား **"သန္တိသုခ"** ရှေ့မှ စာသား ထည့်သွင်းခြင်း၊ ဖြည့်စွက်ခြင်း၊ နောက်မှစာသားဖြည့်စွက်ခြင်း၊ ထည့်သွင်းခြင်းဖြင့် တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ ဆင်တူယိုးမှား အတုအပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် စားသုံးသူ ရဟန်းရှင်လူ၊ မိတ်ဆွေများအနေဖြင့် **"သန္တိသုခ"** သွေးတိုးကျအမှတ်တံဆိပ်ပါဆေးကို သေချာစွာ စိစစ်ရွေးချယ်၊ ဝယ်ယူသုံးစွဲခြင်းဖြင့် **"သန္တိသုခ"** တိုင်းရင်းဆေးအာနိသင်များ အပြည့်အဝရရှိနိုင်ကြပါစေဟု ကျေးဇူးတင်စွာဖြင့် အသိပေးနှိုးဆော်လျက် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၄၉၂၄)**
**ဖုန်း-၀၉-၇၆၅၁၁၃၉၁၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၇) ရပ်ကွက်၊ ဦးထွန်းအုံးလမ်းနှင့် နဝဒေးလမ်းကြား၊ အမှတ် (၁၀၃)၊ အကျယ်အဝန်း(၂၀' x ၆၀') (ပါမစ်မူရင်း)၊ အမှတ် (၁၀၄) နှင့် ကပ်လျက်အခြမ်း၊ မြေကွက်နှင့်တကွ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသော ဦးဇေယျာကျော် [၁၂/ဒဂရ(နိုင်)၀၀၇၂၂၃] က တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နီလာအေး [၇/ညလပ(နိုင်)၀၉၅၈၃၃] က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကြည်ပြာဝတ်မှုံ (PGDL, LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၅၄၄၂၄)**
**အမှတ် (၃၂၉)၊ ရောဝတီလမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၅၆၈၃၄၇၄၁**

## “အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ် (၁၁) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-၃စီ၅၊ မြေကွက်အမှတ်-(V၈၈)၊ ဧရိယာ (၀.၀၂၉) ဧက၊ အကျယ်အဝန်း (၂၅x၅၀)ပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်၏ မြေအကျိုးခံစားခွင့်တို့ကို **ဦးဇင်မင်းထွန်း [၁၂/သဃက(နိုင်)၁၇၁၈၃၃]** မှ (၅-၄-၂၀၂၄) ရက်စွဲပါ **“ မြေအကျိုးခံစားခွင့်အရောင်းအဝယ်ကတိစာချုပ်”** ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။ **[ယင်းမြေကွက်ပေါ်ရှိ (၂) ခန်းတွဲ (၂) ထပ် အဆောက်အဦ၏ အပျောက်အခန်း (၄) ခန်းမပါဝင်ပါ။]**

အထက်ပါ (၂)ခန်းတွဲ(၂)ထပ်အဆောက်အဦနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ **ဦးဇင်မင်းထွန်း**မှ အိမ်လခကောက်ခံခြင်း၊ အမည်ပြောင်းခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)**
**အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၈၀၀၀၅၄၀၆၀**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ခနောင်တိုအရှေ့ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၁၈၅)၊ အကျယ်(၂၅x၅၀)ပေရှိ ဦးကျင်ရွှေ အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ စအောင်ဇေမင်း [၁၂/ကခက(နိုင်)၀၉၃၃၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**“ဝယ်ယူသူ၏လွှဲအပ်ချက်အရ”**
**“တရားလွှတ်တော်ရှေ့နေ”**
**ဦးအောင်နိုင်ထူး(စဉ်-၁၃၅၇၅)**
**LL.B., WIPO (Switzerland)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 01-385205, 09-420088970**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ ထိပ်တင်မှတ်(၆)လမ်း၊ အမှတ် (၂၆၁/A)ဟု ခေါ်တွင်သော အကျယ်အဝန်း (၂၀'x၆၀') ရှိ မြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ နေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ဆန်းမြင့် [၁၂/ကမရ(နိုင်)၁၅၄၄၆၃]မှ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမျိုးဇော်ခိုင် [၁၃/ပတယ(နိုင်)၀၄၈၇၃၆] က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၀)**
**ဖုန်း-၀၉-၄၃၀၆၄၆၇၆၊ ၀၉-၇၇၄၃၀၆၄၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဒေါ်လှခင်လမ်း၊ အမှတ်(၁/က)နေ ဒေါ်မြတ်မြတ်ခိုင် [၇/ပတတ(နိုင်)၀၂၂၆၅၅]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)၊ ဒေါ်လှခင်လမ်း၊ ဦးသော်ပန်းကန်စက်ဝင်း၊ ဦးပိုင်အမှတ်(၁၂)၊ မြေကွက်အမှတ် (၁၃/က)၏ တစ်စိတ်တစ်ဒေသဖြစ်သော အမှတ်(၁၂)၊ အကျယ်အဝန်း (၃၀x၈၀) ပေအကျယ်ရှိ မြေကွက်ကို ဒေါ်ခင်အေးဝင်းထံမှ ဒေါ်သောင်းရွှေက ဝယ်ယူခဲ့ပြီး ဒေါ်သောင်းရွှေထံမှ ဦးကြင်စိန်က (၁၆-၁-၁၉၉၄)နေ့စွဲပါ မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် ထပ်မံဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ရာ ဦးကြင်စိန်သည် ကွယ်လွန်ပြီးဖြစ်၍လည်းကောင်း၊ ၎င်း၏ဇနီး ဒေါ်အေးကြိုင်နှင့်သားကြီးဖြစ်သူ ဦးမောင်မောင်စိန်တို့သည်လည်း ကွယ်လွန်ပြီးဖြစ်၍ အထက်ဖော်ပြပါမြေကွက်နှင့် ပတ်သက်၍ ဦးကြင်စိန်၊ ဒေါ်အေးကြိုင်တို့၏သမီး ဒေါ်ရီရီစိန်နှင့် ဦးမောင်မောင်စိန်၏ဇနီး ဒေါ်မြတ်မြတ်ခိုင် (၂)ဦးတို့မှသာ အမွေဆက်ခံပိုင်ဆိုင်သော ပစ္စည်းဖြစ်၍ ယောက်မဖြစ်သူ ဒေါ်မြတ်မြတ်ခိုင်မှ ဒေါ်ရီရီစိန်ထံသို့ အထက်ဖော်ပြပါ မြေကွက်နှင့် ပတ်သက်ပြီး ၎င်းရရန်အမွေဝေစုအတွက် ငွေများပြန်လည်အမ်းပေးပြီးဖြစ်၍ အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တိုက်အဆောက်အဦသည် ဒေါ်မြတ်မြတ်ခိုင်တစ်ဦးတည်းအမွေရပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း ဖြစ်ကြောင်းနှင့် ယင်းမြေကွက် နေအိမ်အဆောက်အဦနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ယခုကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ (သို့မဟုတ်) ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ပိုင်ဆိုင်မှုအထောက်အထား **(မူရင်း)**နှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်တင်တင်ထွေး (LLB, DBL)** (စဉ်-၈၀၁၀) — **ဒေါ်ကြည်ကြည်လေး(LLB, DBL)** (စဉ်-၇၃၃၃)
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(E-1)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၃၃၆၃၅၇၀၊ ၀၉-၉၅၅၁၉၉၅၁၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## သင်ကြားရေးနှင့်အထွေထွေရောဂါကုဆေးရုံကြီး-အင်းစိန်
## ဆေးရုံအုပ်ကြီးရုံး

**ဖုန်း- ၀၁၃ ၆၄၀၁၃၂၊ ၀၁၃ ၆၄၀၅၂၃၊**
**ဖက်(စ်)- ၀၁၃ ၆၄၀၅၂၃**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း (၃)ထပ်ဆောင်ဆေးသုတ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ် ကြော်ငြာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းများ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်၍ စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့် | - | ၁၀-၇-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) |
| ရက်နှင့်အချိန် | | နံနက်(၁၀:၀၀)နာရီ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၉-၈-၂၀၂၄ ရက် (သောကြာနေ့) |
| | | ညနေ (၄:၀၀)နာရီ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အထွေထွေရောဂါကုဆေးရုံကြီး၊ အင်းစိန်**
**ဖုန်း-၀၁၃ ၆၄၀၅၂၃၊ ၀၁၃ ၆၄၀၁၃၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်း(၁၃)၊ လူနေရပ်ကွက်အမှတ်(၁၆)၊ မူဆယ်လမ်း၊ မြေကွက်အမှတ်(၁၁၁၆/က)၊ အကျယ်အဝန်း(၁၀x၆၀)ပေ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ငြိမ်းငြိမ်းကြည်မှ တရားဝင် လက်ရှိပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးအောင်ထွန်းဝင်းမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လို သူ များရှိပါက ဤကြော်ငြာပါ သည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးအောင်ထွန်းဝင်း ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်သဉ္ဇာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၄၀)**
**တိုက်(၆၄)၊ အခန်း(၁၀၃)၊ စကားဝါလမ်း၊ ကျန်စစ်သားအိမ်ရာ၊ (၆)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၃၆၃၈၅၄**

## “ကန့်ကွက်နိုင်ပါကြောင်း” အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃) ရပ်ကွက်၊ အမှတ်(၅၂)၊ ဧရိယာအကျယ် (၄၀ပေx ၆၀ပေ) ဧရိယာအကျယ်ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေချပါမစ်တို့တွင် ဒေါ်ကျင်ဥ (ISN – 181352) အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်ကို ပါမစ်အမည်ပေါက်ထံမှ အရောင်းအဝယ် အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်စန်း [၈/ပခက(နိုင်)၁၁၄၀၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဌေးဌေးဝင်း [၁၂/ဥကမ(နိုင်)၁၈၃၄၃၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၂၅၅၅)**
**အမှတ်(၁၆၄၃) ၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၀၆၀၄၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၄)၊ မြေကွက်အမှတ်-(၉၁)၊ အကျယ်အဝန်း(၀.၀၅၆) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၄)၊ မြေကွက် အမှတ်-(၉၂)၊ အကျယ်အဝန်း(၀.၀၅၆)ဧကရှိနှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်အိအိဝင်း [၁၂/စခန(နိုင်) ၀၆၁၀၉၅] ၏အမည်ဖြင့် မှတ်သားထားပါသည်။ အထက်ဖော်ပြပါ ရောင်းချသူသည် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုနန္ဒာထွန်း**
**အထက်တန်းရှေ့နေ (စဉ်-၅၃၇၃၇)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၀၅၁၁၃**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ ပုန်းညက်လမ်း၊ မြေကွက်အမှတ်-၆၀၈၊ ဧရိယာ (၀.၀၆၁)ဧကရှိ ဒေါ်မိုရင်းဘောကာ (၁၂/မဂတ(နိုင်)၀၂၂၁၅၄)(စီဂျေ-၀၃၀၂၈၈)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့်တရားဝင်ပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဒေါ်စုစုလတ် (၁၂/ကမရ(နိုင်)၀၁၉၁၅၁)** ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန်(၈-၇-၂၀၂၄)ရက်စွဲပါစာချုပ်ဖြင့်စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**
တရားလွှတ်တော်ရှေ့နေ (စဉ် – ၇၈၃၃)
အမှတ်-၅၀၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၈၅၅၅၀၂၅၄

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ တိုက်အမှတ်(၉၇/ခ)၊ (၁)ခန်းတွဲ Hall (၄)ထပ်တိုက် အဆောက်အဦမှ (မြေညီထပ်) တိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းကို ဝယ်ယူခဲ့သူ ဒေါ်သူဇာအေး [၁၂/မရက(နိုင်)၁၈၅၃၀၄]သည် ကွယ်လွန်သွားသဖြင့် ၎င်း၏ကျန်ရစ်သူခင်ပွန်းဖြစ်သော ဦးဦးဆန်းဝင်း(ခ)ကေခိုင်မျိုး [၁၁/မပန(နိုင်)၀၇၄၁၈၅]က တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်လျက်ရှိရာ အဆိုပါ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးဦးဆန်းဝင်းထံမှ ဒေါ်အေးအေးသိန်း [၁၁/စတန(နိုင်)၀၈၆၇၀၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံ-ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဦးဆန်းဝင်း(ခ)ကေခိုင်မျိုး ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ တိုက်အမှတ်(၁၇)၊ (၁)ခန်းတွဲ Hall (၆)ထပ်တိုက်အဆောက်အဦမှ (ဒုတိယထပ်) တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နိုင်နိုင်ညို [၁၃/ဟပတ(နိုင်)၀၀၁၅၄၁]ထံမှ ဒေါ်တိုးတိုး (ခ) ဒေါ်ဝင်းဝင်းတင် [၁၂/လမန(နိုင်)၀၉၀၆၈၉] က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ပြည့်စုံ-ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်တိုးတိုး(ခ)ဒေါ်ဝင်းဝင်းတင် ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၂၃)၊ (မြေညီ)ခြေရင်းခန်း၊ အကျယ်(၁၂½x၅၀)ပေရှိတိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိသူ ဦးခင်မောင်ဦး [၁၁/စတန(နိုင်)၀၀၀၆၈၇] နှင့် ဒေါ်မေဝင်းထွန်း [၁၁/မအန(နိုင်)၀၄၁၅၂၈] တို့က ၎င်းတို့သာလျှင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်စုစုရီ [၁၂/တမန(နိုင်)၀၀၄၁၄၀]၊ ဒေါ်သင်းသင်းထက် [၁၂/တမန(နိုင်)၀၉၅၃၈၄] ဦးထွန်းနိုင်အောင် [၁၂/တမန(နိုင်)၀၉၇၇၂၆]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မြတ်စုမိုး (LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၅၈၀)**
**အမှတ်(၁၂-အင်န်)၊ ဂရုဏာလမ်း၊ ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၄၄၂၂၈၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၈ )၊ မြေကွက်အမှတ် (၈၁½)၊ ဥက္ကာ(၃)လမ်း၊ မြေအကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)၊ ဧရိယာ ၁၂၀၀စတုရန်းပေ မြေကွက်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုဌာန၏ စာချုပ်အမှတ်-မဥ/၈-၄၄/၉၃ ဖြင့် နှစ် (၆၀) ဂရန် အမည်ပေါက်သည် ဦးမြင့် (ဘ) ဦးဉာဏ် (RGN -၀၁၁၅၅၇) ဖြစ်ပါသည်။ ၎င်းမြေကွက်ကို သမီးဖြစ်သူ ဒေါ်သီတာ(ဘ)ဦးမြင့် [၁၂/ဥကမ(နိုင်)၀၀၈၁၀၈]က ပိုင်ဆိုင်ပြီး ရောင်းချ ပေါင်နှံ လွှဲပြောင်းခြင်း မရှိ ဝန်ခံ၍ရောင်းချလိုကြောင်း ပြောဆိုကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူကြပါသည်။ ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးထားပြီးဖြစ်ရာ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၀) ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော စာရွက်အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသိန်းထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၆၈)**
**အမှတ် (၇၇၅)၊ ကေတုမတီလမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၀၇၆၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အမှတ်(၁၁/၁၈၉)နေ-ဒေါ်အေးအေးမြ [၉/မခန(နိုင်)၁၈၄၈၇၅]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၉)၊ ငုဝါမြိုင်(၁)လမ်း၊ မြေကွက်အမှတ်(၄၀၁)၊ မြေအမည်ပေါက်- ဒေါ်သီရိခင် (BQ-၀၀၆၇၀၆)၊ မြေအမျိုးအစား- နှစ်(၆၀) ဂရန်မြေဟုခေါ်တွင်သော အကျယ်အဝန်း- အလျား(၄၃)ပေx အနံ (၆၀)ပေရှိ မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော အလျား(၂၃)ပေx အနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး**ကို ယခုအပိုင်ရောင်းချသူဖြစ်သော ဦးထင်အောင် [၁၂/တမန(နိုင်)၀၄၃၈၅၂]မှ မြို့တော်ရန်ကုန်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-(၁/၆၉၁၆/၂၀၂၂)အရ တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အားမီနီကွန်ဒို၊ သုမင်္ဂလာလမ်းမကြီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ရုံးဖုန်း-09-260087755, 09-421123477**




## အများသိစေရန် အသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နေ ဦးဂျူးဇေ [၁/ဝမန(နိုင်) ၀၄၇၃၆၁] ကိုင်ဆောင်သူနှင့် ခေတ္တ စင်ကာပူနိုင်ငံတွင်နေထိုင်သူ ဒေါ်ဂရက်တီ နွေးနွေးခိုင် [၁/ဝမန(နိုင်)၀၈၇၂၇၂] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးဂျူးဇေနှင့် ဒေါ်ဂရက်တီနွေးနွေးခိုင်တို့၏သမီးဖြစ်သူ မကြည်ပြာထွေး (ခ) ဖူးဖူးသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင် ရပ်ကွက် (၁၁၁) အဆောင် E(1)၊ ၂၂ လမ်းနှင့် 90 B လမ်းကြားတွင် နေထိုင်ပြီး (G-11)တွင် ပညာသင်ကြားနေသူဖြစ်ပါသည်။ မကြည်ပြာထွေးသည် (၉-၆-၂၀၂၄)ရက်နေ့တွင် အထက်ပါလိပ်စာမှ မုန့်စားရန် အပြင်သို့ ထွက်သွားပြီး ယခုအချိန်ထိ ပြန်မလာဘဲ အဆက်အသွယ်မရရှိတော့ပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေများအနေဖြင့်လည်း မိဘတို့၏ အုပ်ထိန်းမှုအောက်တွင်ရှိပြီး ပညာသင်ကြားနေရမည့် ငယ်ရွယ်သေးသော သမီးဖြစ်သူ မကြည်ပြာထွေး (ခ) ဖူးဖူးအတွက် စိုးရိမ်စိတ်၊ ပူပန်စိတ်များကြောင့် သောကများ အလွန်ခံစားနေရပါသည်။ ထို့ကြောင့် မကြည်ပြာထွေး (ခ) ဖူးဖူး အနေဖြင့် ယခုသတင်းစာကြော်ငြာအား တွေ့ရှိသည့်အချိန်မှစ၍ မိဘများ အလွန်စိတ်ပူနေပါသောကြောင့် မိဘများအား ပြန်လည်ဆက်သွယ်ပေးပါရန် အသိပေးအပ်ပါသည်။ မကြည်ပြာထွေး (ခ) ဖူးဖူးအား သိရှိသူများအနေဖြင့်လည်း တွေ့ရှိခဲ့ပါက အကြောင်းကြားပေးပါရန်နှင့် အကြောင်းကြားပေးသူမည်သူကိုမဆို ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။ ထို့အပြင် မကြည်ပြာထွေး (ခ) ဖူးဖူးအား မိဘများ၏ခွင့်ပြုချက်မရဘဲ လက်ခံထားသူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်မူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၇၇၄)**
**အမှတ်-၂၁၁၉၊ သီရိရတနာ(၂)လမ်း၊ ထ/၁၆ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- 09-420214457, 09-763715361**

## "လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၈၁၃) တွင်တည်ရှိသော ONODERA USER RUN MYANMAR CO.,LTD၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၂၆၅၂၆၆၅ သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့်အမှတ်တံဆိပ် မူပိုင်ရှင်ဖြစ်ပါသည်-

ONODERA USER RUN

**စာချုပ်အမှတ်- ၅၄၇၆/၂၀၂၄ (နေ့စွဲ-၂ - ၇ -၂၀၂၄)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်ပါ အမည်အမှတ်အသားဖြင့် "ဂျပန်ဘာသာစကားသင်တန်းကျောင်း"တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သင်တန်းကျောင်းများ ဖွင့်လှစ် လုပ်ကိုင်နေလျက်ရှိပါသည်။ ၎င်းလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို ပုံစံအမျိုးအမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ကာလာအမျိုးမျိုးတို့ကိုလည်းပြုလုပ်ပြီး၊ ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ လိုအပ်သည့်နေရာများတွင် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်းမ်တုပသုံးစွဲခြင်း၊ အမည်အမှတ်အသား ပုံစံတူပြုလုပ်ခြင်း၊ လုပ်ငန်းတူလုပ်ကိုင်ခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် အသိပေးတားမြစ်ပါသည်။ မှိုင်းမ်တုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ONODERA USER RUN MYANMAR CO.,LTD ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)**
**(LL.B,D.I.L)** **(LL.B,D.B.L,D.I.L,WIPO switzerland)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၇၀၀

| | | |
|---|---|---|
| ဒေါ်မေဖူးပိုင်(ကွယ်လွန်သူ နှင့် ဒေါ်ကြည်ကြည်အောင်၏ တရားဝင်ကိုယ်စားလှယ်) | ၁။ | ဦးဇော်မင်းဦး |
| | ၂။ | ဦးဇော်မင်းလွင် |
| | ၃။ | ဦးဇော်မင်းလှိုင် (ကွယ်လွန်သူ ဒေါ်ကြည်ကြည်၏ တရားဝင် ကိုယ်စားလှယ်များ) |
| | ၄။ | ဒေါ်စုစုဖြိုး |
| | ၅။ | ဦးဇော်မင်းဟိန်း |
| | ၆။ | ဒေါ်စန်းစန်းဝင်း |
| | ၇။ | ဦးမောင်မောင်ဝင်း |
| | ၈။ | ဦးလှမျိုးဝင်း |
| | ၉။ | ဒေါ်လှလေးခိုင် |
| | ၁၀။ | ဒေါ်မြင့်မြင့်ခိုင် |
| | ၁၁။ | ဦးကျော်မျိုးခိုင် |
| | ၁၂။ | ဦးဇော်ဝင်းမွန် |
| | ၁၃။ | ဒေါ်ယဉ်မျိုးသီ |
| | ၁၄။ | ဒေါ်ယဉ်မျိုးသူ |
| | ၁၅။ | ဒေါ်ယဉ်မျိုးကောင်း |
| | ၁၆။ | ဦးဇော်မျိုးခိုင် |
| | ၁၇။ | ဒေါ်ကေသီမြင့် |
| **(လျှောက်ထားသူ)** | | **(လျှောက်ထားခံရသူများ)** |

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်စွဲပါ အလုံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၇/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ (၇/က)လမ်း၊ အမှတ်-၁၈၄ နေ လျှောက်ထားခံရသူ (၄) ဒေါ်စုစုဖြိုး၊ (၅) ဦးဇော်မင်းဟိန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၆လမ်း(အောက်)၊ အမှတ်-၂၃၉ (ဖလွှာ)နေ လျှောက်ထားခံရသူ (၆) ဒေါ်စန်းစန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅ လမ်း၊ အမှတ်-၁၈၂ (၃လွှာ)နေ လျှောက်ထားခံရသူ (၁၃) ဒေါ်ယဉ်မျိုးသီ၊ (၁၄) ဒေါ်ယဉ်မျိုးသူ၊ (၁၅) ဒေါ်ယဉ်မျိုးကောင်း၊ (၁၆) ဦးဇော်မျိုးခိုင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် အလုံခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂)ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် ၁၃ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ် ၊ ဇူလိုင်လ (၅)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (အနောက်ခြမ်း)၊ (၁၄) ရပ်ကွက်၊ ပပဝင်းလမ်း၊ အိမ်အမှတ် (၁၀၇/ခ)နေ ဦးဇော်အောင် [၇/နတလ(နိုင်)၁၅၄၆၃၃]၊ ဒေါ်မိုးမိုးခိုင် [၁၄/ကကန(နိုင်)၀၀၁၀၄၇] ကိုင်ဆောင်သူတို့၏သား မောင်ပြည့်စုံကျော် [၁၂/လသယ(နိုင်) ၁၀၁၈၆၃] ကိုင်ဆောင်သူသည် မိခင်၏ပြောဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ပြည့်စုံကျော်နှင့်ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုယနေ့မှစ၍ ပါဝင်ဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မောင်ပြည့်စုံကျော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်အောင် [၇/နတလ(နိုင်)၁၅၄၆၃၃]**
**ဒေါ်မိုးမိုးခိုင် [၁၄/ကကန(နိုင်)၀၀၁၀၄၇]**
**လှိုင်သာယာမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈(စီ)၊ ကျွန်းရွှေမြိုင်(၉)လမ်း၊ မြေကွက်အမှတ်(၆၇၉)၊ အကျယ်အဝန်း (၄၀ ပေx ၆၀ ပေ)ရှိသော ဦးသန်းလှိုင် (ISN- ၂၇၇၇၉၃) အမည်ပေါက် ပါမစ်မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော (၂၀ ပေx ၆၀ ပေ) (ခြေရင်းခြမ်း)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပါမစ်မိတ္တူ၊ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သန့်နွယ်ဦး [၁၂/စခန(နိုင်)၀၁၄၅၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရန်နောင်အေး [၉/မထလ(နိုင်) ၀၀၈၀၅၃]နှင့် ဒေါ်ဝါဝါလွင် [၇/ပတတ(နိုင်) ၀၇၅၄၄၂]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝါဝါထွန်း (LL.B) WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၆၃/ ၂၇-၆-၂၀၁၉)**
**အမှတ်(၁၂၅၆)၊ ဗိုလ်ချိုလမ်း၊ (၄၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-422381900, 09-259094794**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၉/၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| ၁။ | 70(LPT) /MPE-KZ | Calcium Hypochloride Powder(Bleaching Powder) 65% | 7 MT |
| ၂။ | 71(LPT) /MPE-F4 | Process Air Compressor (Steam Turbine & Compressor) Major Overhaul စစ်ဆေး ပြုပြင်ခြင်းလုပ်ငန်း | 1 Lot |
| ၃။ | 8R(LPT) /MPE-F4 | Spare Parts for Semilean Solution Pump (Brand New) | 1 Lot |
| ၄။ | 31R(LPT) /MPE-F4 | 33KV Control Panel (Indoor Type) with 33KV Busbar, VCB, CT, LA, Protection Equipment and Control Accessories | 1 No |
| ၅။ | 45R(LPT) /MPE-F5 | Demin Water Pump (P-5402 A/B) with Motor (Brand New) | 1 Set |
| ၆။ | 48R(LPT) /MPE-F5 | Vacuum Contactor Fuse Composite Electrical Apparatus (Brand New) | 1 No |
| ၇။ | 53R(LPT) /MPE-HQ | Propane ($C_3$) Cylinder (Empty) (48 Kg) | 200 Nos. |
| ၈။ | 55R(LPT) /MPE-F4 | Vacuum Circuit Breaker with Control Panel for 33KV Incoming Panel | 1 No |
| ၉။ | 61R(LPT) /MPE-KZ | Ammonia Flow Meter with Counter | 2 Sets |
| ၁၀။ | 62R(LPT) /MPE-F4 | Spare Parts for Urea Hydrolizer Feed Pump (Brand New) | 1 Lot |
| ၁၁။ | 6R-R(LPT)/MPE-KZ | Sapre Parts for $CO_2$ Compressor | 1 Lot |
| ၁၂။ | 15R-R(LPT)/ MPE-MANN | Magnetic Air Circuit Breaker(Brand New) | 1 Set |
| ၁၃။ | 18R-R(LPT)/MPE-KZ | Vibration & Thrust Measurement System(Brand New) | 2 Sets |
| ၁၄။ | 21R-R(LPT)/ MPE-TLN | 3.3 KV Indoor Gas Circuit Breaker (GCB) Switch Gear with metering & Protection 3.3 KV,1250 A | 1 Set |
| ၁၅။ | 23R-R(LPT)/ MPE-TLN | Emergency Diesel Generator 25 KVA(Brand New) | 1 No |
| ၁၆။ | 28R-R(LPT)/ MPE-MANN | Transformer Oil(JIS C 2320-1978 Class 2) | 20,000 Liters |
| ၁၇။ | 38R-R(LPT)/ MPE-TLN | CFR Engine (Fuel Research Unit)Top Overhaul | 1 Lot |
| ၁၈။ | 54R(LPT) /MPE-HQ | Butane ($C_4$) (15 Kg) Cylinder (Empty) | 1000 Nos. |
| ၁၉။ | အဆိုပြုလွှာအမှတ် 14/MPE-HQ | Printer & Scanner | 3 Items. |
| ၂၀။ | အဆိုပြုလွှာအမှတ် 15/MPE-HQ | Inkjet Color Printer | 2 Nos. |
| ၂၁။ | အဆိုပြုလွှာအမှတ် 16/MPE-KZ | Helium Gas with Cylinder | 10 Nos. |
| ၂၂။ | အဆိုပြုလွှာအမှတ် 17/MPE-KZ | Nitrogen Gas with Cylinder | 10 Nos. |
| ၂၃။ | အဆိုပြုလွှာအမှတ် 18/MPE-HQ | Diesel Generator(6.5 KVA/5 KW) | 1 No. |
| ၂၄။ | အဆိုပြုလွှာအမှတ် 19/MPE-MBU | Battery Cell for Main UPS with Stand(Brand New) | 96 Nos. |
| ၂၅။ | အဆိုပြုလွှာအမှတ် 1R/MPE-TLN | Temperature Sensor Positioning Device | 1 No. |
| ၂၆။ | အဆိုပြုလွှာအမှတ် 9R/MPE-KZ | Portable Pump with Motor (Brand New) Complete Set | 1 No. |
| ၂၇။ | အဆိုပြုလွှာအမှတ် 12R/MPE-KZ | Filter Pump with Motor(Brand New) | 1 Set |
| ၂၈။ | အဆိုပြုလွှာအမှတ် 2R-R/MPE-MANN | Refinery Standard Gas for Gas Chromatography (Brand New) | 1 No. |
| ၂၉။ | အဆိုပြုလွှာအမှတ် 20/MPE-F4 | Hydrochloric Acid | 10 MT |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၉-၇-၂၀၂၄ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)နှင့် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)တို့တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ်(energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို အောက်ဖော်ပြပါ တင်ဒါပိတ်မည့်နေ့များတွင် ၁၁:၀၀ နာရီမှ ၁၂:၀၀ နာရီအတွင်း စီမံရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (နေပြည်တော်) သို့ လူကိုယ်တိုင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်-

(က) အမှတ်စဉ်(၂၉)အိတ်ဖွင့်တင်ဒါ ၁၅-၇-၂၀၂၄ ရက်
(ခ) အမှတ်စဉ် (၁ မှ ၂၈အထိ ) အိတ်ဖွင့်တင်ဒါများ ၂၂-၇-၂၀၂၄ ရက်

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ဖုန်း-၀၆၇-၃၄၁၁၁၂၃၊ ၀၆၇-၃၄၁၁၁၉၃၊ ၀၆၇-၃၄၁၁၁၇၅**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးကျော်စွာဝင်း [၁၀/ပမန (နိုင်) ၁၃၈၃၉၆]၏ ပတ်စ်ပို့နံပါတ် (A - 148867) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-43168596**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၂-ရပ်ကွက်၊ သီရိ (၆)လမ်း၊ တိုက်(၆၀)နေ ဦးထွန်းရီ - ဒေါ်တင်တင်ညို့တို့၏သား ကိုအောင်အောင် [၁၂/လမန(နိုင်) ၁၃၃၆၀၄]သည် မိဘနှစ်ဦး ပြောဆိုဆုံးမမှုကို မနာခံသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာလိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကိုအောင်အောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းရီ - ဒေါ်တင်တင်ညို့**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၊ ၇- သမိုင်း)၊ လူနေရပ်ကွက်အမှတ် (ရွှေပစ်တိုင်းထောင်အိမ်ရာ) မြေကွက်အမှတ် (၃၂)၊ အကျယ်အဝန်း (၄၀'x၆၀') (၀.၀၅၅ ဧက)အကျယ်ရှိ ဦးဘချစ် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေသံလွင်ပွဲရုံဝင်း၊ ကျွန်းရွှေဝါလမ်း၊ အမှတ် (WS-၂၁) ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးဘချစ် [၁၀/သဖရ(နိုင်) ၀၅၅၇၆၁]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇော်မင်းမောင်က ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးသီဟ(LL.B)** | **ဦးရဲမာန်ဗိုလ်(LL.B)** | **ဒေါ်အိအိမိုး(ခ)ဒေါ်အိသန္တာထွန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၅၁၆၄)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၅၃၁)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၄၆၃)** |
| **09-408634830** | **09-25434623** | **09-9861430375** |

**အမှတ် (၁၁၀)၊ ပထမထပ် ၊ (၃၉)လမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ရန်ကုန်တိုင်းဒေသကြီး။**

## မြောင်းမြမြို့၊ အမှတ် (၁) အ.ထ.က၊ ပုလဲရတုမြတ်ဆရာပူဇော်ပွဲကျင်းပရန်နှင့် မဂ္ဂဇင်းထုတ်ဝေရန် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးဖိတ်ကြားခြင်း

၂၀၂၅-ခုနှစ်၊ ဇန်နဝါရီလ ဒုတိယပတ်၊ စနေ၊ တနင်္ဂနွေနေ့တွင် မြောင်းမြမြို့၊ အမှတ်(၁) အ.ထ.က ပညာရတနာခန်းမ၌ အငြိမ်းစား ဆရာကြီး/ဆရာမကြီး (၁၃၅)ဦးတို့ကို အကြိမ်(၃၀)မြောက် ပုလဲရတု မြတ်ဆရာပူဇော်ပွဲကျင်းပမည်ဖြစ်၍ အကြိုညှိနှိုင်းအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ရန်ကုန်မြို့ကြီးရောက် ကျောင်းသား/ကျောင်းသူဟောင်းကြီးများအားလုံး၊ နာယကများ၊ အမှုဆောင်များ (မပျက်မကွက်) တက်ရောက်ဆွေးနွေးအကြံပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | = | (၁၃-၇-၂၀၂၄) စနေနေ့ |
| ကျင်းပမည့်အချိန် | = | ၁၂:၀၀ နာရီ (မွန်းတည့်) |
| ကျင်းပမည့်နေရာ | = | အမှတ်-၁၁၈/D၊ ရေတာရှည်လမ်းဟောင်း၊ ရေတာရှည်ရပ်ကွက်၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ကျောင်းသားဟောင်း အတွင်းရေးမှူး - ဦးစိုးမိုးသူ၏နေအိမ် |

**တာဝန်ခံဖိတ်ကြားသူ ကျောင်းသားဟောင်းကြီး**
**ဒေါက်တာကျော်ထွန်းအောင်-ဥက္ကဋ္ဌ၊ မြောင်းမြမြို့ အမှတ် (၁) အ.ထ.က**
**မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ (ရန်ကုန်အဖွဲ့ခွဲ)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ကိုင်းတန်းလမ်း၊ အမှတ် (၃၇/၃၉)၄၅တွင် တည်ဆောက်ထားသည့် (၈)ထပ်တိုက်၏ (၆)လွှာ A၊ အကျယ်အဝန်း (၁၉'x၄၉')ခန့်ရှိ တိုက်ခန်းအား ဒေါ်ဖြူဖြူမာ [၁၂/တတန(နိုင်)၁၈၇၂၅၈]မှ လက်ရှိလက်ဝယ်ပိုင်ဆိုင်ပြီး ၎င်းတိုက်ခန်းအားရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇင်လှိုင် (LL.B), B.A (Business Law),CBL**
**အထက်တန်းရှေ့နေ(စဉ်-၅၀၈၃၈/၂၆-၃-၂၀၁၉)**
**တိုက်(၄၁)၊ အခန်း(၁၃)၊ ဗဟိုရ်စည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၄၂၀၂၄၂၆၇၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ အပိုင်း(၁) တိုက်(၂၇)၊ အခန်း(၃၀၁) အမည်ပေါက် ဒေါ်ရီရီအေးမှာ (၂၅-၁၁-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်၍ ခင်ပွန်းဖြစ်သူ ဦးခင်မောင်သန်း [၁၂/ရကန(နိုင်)၀၁၁၀၉၈]မှ တိုက်ခန်းပိုင်ဆိုင်မှု Owner Book မူရင်းစာအုပ်ထုတ်ယူခွင့်ပြုပါရန် သေစာရင်းမိတ္တူ၊ တရားရုံး ကျမ်းကျိန်လွှာ၊ တိုက်ခန်းနှင့်ပတ်သက်၍ စာရွက်စာတမ်းအထောက်အထားမူရင်းများ တင်ပြလာပါသဖြင့် Owner Book ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပိုင်ဆိုင်မှု Owner Book စာအုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**

## ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူမည့်အခန်းများအား ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ်- ၉၁၀၉၊ မြေအကျယ်ပေ (၄၁' ၆'' x ၆၀') မြေပေါ်တွင် ဆောက်လုပ်ဆဲ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ကန်ထရိုက်တာရရှိအကျိုးခံစားပိုင်ခွင့်ရှိသော အခန်းအကျယ် (၁၇' ၆'' x ၅၄')ရှိ (ခြေရင်းဘက်အခြမ်း) ၄ လွှာနှင့် ၆ လွှာ အခန်း(၂)ခန်းကို (Nature Home Maker Construction Co.,Ltd)မှ ရောင်းချပိုင်ခွင့်ရှိသည့် အခန်းဖြစ်သည်ဟု ဝန်ခံပြောဆိုသူ ကုမ္ပဏီ၏ဒါရိုက်တာ ဦးမင်းကျော်သူ [၇/သကန(နိုင်)၀၈၃၃၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ကြိုပွိုင့်စနစ်ဖြင့် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်သည့်အရစ်ကျငွေများကို ထပ်မံပေးချေ၍ ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ချို ( LL.B ) တရားလွှတ်တော်ရှေ့နေ( စဉ်- ၉၁၁၃ )**
**အမှတ်- ၂၄၆၊ ၅ လမ်း၊ ၁/က ရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၂၅၀၅၁၄၇၇**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မျိုးခန့် [၁၂/ပဘတ(နိုင်) ၀၀၅၃၂၆] အမှတ်(၆၅)၊ ရေတာရှည်လမ်းဟောင်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မျိုးခန့်သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သိမ်အင်းရပ်ကွက်ကြီး၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးသိမ်အင်းစု၊ ကွင်းအမှတ်(၆၈၄)၊ ဧရိယာ (၄.၅၈)ဧကအား စာချုပ်စာတမ်းအဆက်အစပ်များဖြင့် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်လျက်ရှိကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မျိုးခန့် သိရှိခြင်းမရှိဘဲ မည်သူတစ်စုံတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းတို့ မပြုလုပ်ပါရန်၊ ပြုလုပ်သူများရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်မြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၈၃)**
**အမှတ်(၄၇၈)၊ မွှေ့ရုံလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။ ဖုန်း- ၀၉-၄၂၀၀၅၁၇၈၅**

အလွှာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

## ဒေါ်ခင်လှမြင့် (Elizebeth) (ခ) ဒေါ်ဖရီဒါဘီ

### အသက် (၉၉)နှစ်

တောင်ငူမြို့နေ (ဦးအေးခန့်-ဒေါ်ခင်အိ)တို့၏ သမီးချွေးမ၊ ပျဉ်းမနားမြို့နေ (ဦးဘညွန့်-ဒေါ်သန်းစိန်)တို့၏ သမီးကြီး၊ မြောက်ဥက္ကလာမြို့နယ်၊ (၅)ရပ်ကွက်၊ ကရဏာ (၁)လမ်း၊ အမှတ် (၅၉၇)နေ [ဦးစိန်သွင် (စက်ရှင်တရားသူကြီး)]၏ ချစ်လှစွာသော ဇနီး၊ [ဒေါ်ဝေဝေသွင် (လယ်စိုက်ရှင်း၊ လက်ထောက်မန်နေဂျာ)]၊ (ဦးလှထွန်းသွင်-ဒေါ်ရီရီဦး)၊ (ဒေါ်သန်းသန်းဌေး)၊ (ဦးဝင်းကြည်)-ဒေါ်အေးအေးသွင်(ဆက်သွယ်ရေး)တို့၏ မိခင်၊ မြေး လေးယောက်၊ မြစ် နှစ်ယောက်တို့၏အဘွားသည် ၂-၇-၂၀၂၄ ရက် ည ၈:၂၀ နာရီတွင် အလွှာဟ်အမိန့်တော်ခံယူသွားပါသဖြင့် ၃-၇-၂၀၂၄ ရက်တွင် ရေဝေး ဥယျာဉ် စွန်နီခဗရ်စတာန်၌ ဒဖ်ဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## သိက္ခာတော်ရဆရာကြီး စောမောလယ်

(တပ်မတော် - ရေ/ငြိမ်း)

### အသက် (၈၉)နှစ်

(ဦးစောဒိုးလေး-နော်စိန်ဖြူ)တို့၏ သားကြီး၊ ဒေါ်နော်ပန်းခင်၏ခင်ပွန်း၊ Rev. စောအယ်ရား-နန့်ဘေဘီငြိမ်း၊ ဦးမျိုးခင်-နော်ပစောထီး၊ ဦးဇော်ကြီး-နော်ဂျူးလယ်တို့၏ ဖခင်၊ စောလယ်မူးအယ်-နော်ဘယ်ရလ်ဘောင်ဒရီ၊ နော်ကလိုဖောအယ်၊ နော်ဂျူးဒီဟီးလားဇော်၊ နော်ဖောဖောမျိုးခင်၊ နော်ဂျေးနီစေးလားဇော်၊ စောလယ်ထူးမျိုးခင်၊ စောထင်လင်းမျိုးခင်၊ စောလော်ဗန်အယ်တို့၏ အဘိုး၊ ဂျေးမင်းအယ်၏ ဘိုးဘိုးကြီး သိက္ခာတော်ရဆရာကြီး စောမောလယ်သည် ၉-၇-၂၀၂၄ ရက် နံနက် ၂:၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်၍ ၁၁-၇-၂၀၂၄ ရက် နံနက် ၁၀ နာရီတွင် ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်ကရင်နှစ်ခြင်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ကေတုမာလာရိပ်သာ၊ ၄- ရပ်ကွက်၊ အရှေ့(၃) လမ်း၊ တိုက်အမှတ်-၉၃/ခ၊ (၁)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်၊ (၄-လွှာ အခန်း)၊ အကျယ်(၁၈ ပေx ၅၄ပေ) ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာထံမှ (၉-၅-၂၀၂၄)ရက်စွဲပါစာချုပ်ဖြင့် တရားဝင်ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြတ်ကေခိုင်စိုး (ဘ) ဦးစိုးမြင့် [၁၂/ဥကတ(နိုင်) ၁၄၈၆၀၃] အမှတ်(၂၄၉/၂)၊ ဖိုးခေါင်လမ်း၊ ၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းဌေးက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့် ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၀၈၈)**
**ဖုန်း- ၀၉-၄၂၁၁၁၄၈၈၃၊ ၀၉-၉၆၃၁၂၂၅၆၅**
**အမှတ်-၁၂၀၈၊ မဏိစန္ဒာလမ်း၊ ၆၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ ဝါးခယ်မလမ်း၊ အမှတ် (၂၆)၊ တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈ ဒီ)၊ မြေကွက်အမှတ်(၈၅-၁၁၅-၆၈)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လင်းလွန်းတောင်စီမံချက် ငယ်စာရင်းအမည်ပေါက် ဦးဌေးအောင် [၁၂/စခန(နိုင်) ၀၁၂၂၇၄] ဟုပါရှိသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသောမြေအား အမည်ပေါက်(ခင်ပွန်း) ဦးဌေးအောင်သည် (၁၄-၁-၂၀၂၃) ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း ခင်ပွန်း ဦးဌေးအောင် ပိုင်ဆိုင်သော မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်တို့ကို ဇနီးဖြစ်သူ ဒေါ်စိန်စိန်မြင့် တစ်ဦးတည်းကသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း နှင့် အခြားသော အမွေဆက်ခံမည့် ဇနီးတစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်း နောက်အိမ်ထောင်ပြုထားခြင်းလည်းမရှိပါကြောင်း ဒေါ်စိန်စိန်မြင့်[၁၂/စခန(နိုင်) ၀၀၉၄၆၁]က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် ကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်- ၈၇/၂၀၂၃(၁၅-၆-၂၀၂၃)နှင့် ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးဌေးအောင်၏ သေဆုံးမှုလက်မှတ်၊ (၃၀-၂-၂၀၀၄)ရက်နေ့ အရပ်ကတိစာချုပ်ဖြင့် ဒေါ်ခင်ထားမီ (CA-၀၂၄၇၂၇)နှင့် ဒေါ်ရှုခင် (CD-၀၁၂၅၉၀)ထံမှ ဦးဌေးအောင် ဝယ်ယူခဲ့သည့် အိမ်နှင့်မြေအရောင်းအဝယ်ကတိစာချုပ်၊ လင်းလွန်းတောင်ရပ်ကွက် စီမံချက်ဂရန်လျှောက်ထားရေးကော်မတီမှ ဦးဌေးအောင်၏ ဇနီး ဒေါ်စိန်စိန်မြင့် အမည်ဖြင့် ဂရန်လျှောက်ထားခြင်းကို ကန့်ကွက်ရန်မရှိသဘောတူညီကြောင်း လင်းလွန်းတောင်ရပ်ကွက် ဂရန်ကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေ၊ အတွင်းရေးမှူး ဦးဘုန်းမြင့်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်ဦးတို့က လက်မှတ်ရေးထိုးထားသည့် (၁၃-၁၂-၂၀၂၃)ရက်နေ့ ထောက်ခံတင်ပြစာ၊ နေထိုင်ကြောင်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ကို တင်ပြ၍ ဒေါ်စိန်စိန်မြင့်က ဂရန်သစ်လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ တောင်ဥက္ကလာပမြို့နယ်၊ နာယကကြီး

## စာရေးဆရာကြီး ဦးခင်မောင်သန်း (ရှေ့ဆောင်)

(သန်းစာပေထုတ်ဝေရေး)

### အသက် (၈၈) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန် (၁)လမ်း၊ အမှတ် (၆၃-ခ)နေ (ဦးပန်းနွယ်-ဒေါ်ငွေမြင့်)တို့၏ သား၊ (ဦးထွန်းမောင်)၊ (ဦးကြည်)တို့၏ ညီ၊ ဒေါ်အေးသန်း၏ ခင်ပွန်း၊ ဦးခိုင်ဝင်း-ဒေါ်သန်းသန်းအေး၊ ဦးမျိုးမင်းသန်း - ဒေါ်စမ်းစမ်းဝင်းတို့၏ မွေးသဖခင်၊ မောင်လွတ်လပ်အောင်၊ မောင်ရှင်းသန့်အောင်၊ မောင်မင်းသွေးခိုင်တို့၏ ချစ်လှစွာသော အဘိုး ဦးခင်မောင်သန်း(ရှေ့ဆောင်)သည် ၈-၇-၂၀၂၄ (တနင်္လာနေ့) ည ၈:၁၅ နာရီတွင် (၉၆)ပါး သောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၀-၇-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြမြစိုး

### လက်ထောက်အထွေထွေမန်နေဂျာ
### မြန်မာ့သစ်လုပ်ငန်း (ငြိမ်း)

### အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ သာခုအိမ်ရာ၊ အမှတ် (၅၀၁/၅၀၂)နေ (ဦးစံငွေ-ဒေါ်အေးမြင့်)တို့၏ သမီး၊ ဦးခင်မောင်ဝင်း (ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း-ငြိမ်း) ၏ဇနီး၊ ဒေါ်နုနုရွှေ၏ အစ်မ၊ ဦးဇေယျာခိုင်-ဒေါက်တာအေးမြင့်ဝင်း၊ ဒေါက်တာအောင်ကျော်ဝင်း - ဒေါက်တာဖြူဖြူဖွေး (သြစတြေးလျ)တို့၏ မွေးသမိခင်၊ မသုန္ဒရီဆုလာဘ်ခိုင်၏ချစ်လှစွာသောအဘွား ဒေါ်မြမြစိုးသည် ၉-၇-၂၀၂၄ (အင်္ဂါနေ့) နံနက် ၄:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဝါးဆို)၊ မြေကွက်အမှတ် (၄၀၅)၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်- ၁၅၊ သီရိရတနာလမ်း၊ ဝါးဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်နင်းကြည် [၁၂/ဒပန (နိုင်) ၀၁၄၈၆၇] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဒေါ်နင်းကြည် အပေါ် တရားပြိုင်ထားကာ ဦးချစ်ညီညီ၊ ဒေါ်သင်းစုလတ်တို့မှ တရားလိုပြုလုပ်၍ ဗိုလ်တထောင်ခရိုင်တရားရုံး၌ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၅ ဖြင့် ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ်ချမှတ်သည့် (၂၈-၆-၂၀၂၃) ရက်စွဲပါစီရင်ချက် ဒီကရီအမိန့်နှင့် တာဝန်ခံမိတ္တူမှန်၊ ဗိုလ်တထောင်ခရိုင် တရားရုံး၊ တရားမဇာရီမှုအမှတ်- ၈၁/၂၀၂၃ ၏ (၈-၁-၂၀၂၄)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ ဗိုလ်တထောင်ခရိုင်တရားရုံး၏ ၂၈-၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၃၀၄/တွဲခရိုင်(၁)/၂၀၂၄ ဖြင့် ဘီလစ်ခန့်စာတို့အရ တင်ပြ၍ တရားရှုံး ကိုယ်စား ဘီလစ် ဒေါ်အင်ကြင်းဆွေ [၁၂/ဗဟန(နိုင်)၁၀၁၀၂၁]မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- တာကြီး၊ မြေကွက်အမှတ်- ၆၁(က+ခ)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒေါ်လီကြူး အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်လီကြူး၏ အထူးကိုယ်စားလှယ်လွှဲစာရသူ ဦးမင်းကိုကို [၉/အမဇ(နိုင်)၀၀၉၄၄၇] ကိုင်ဆောင်သူမှ ပိုင်ဆိုင်လက်ရှိဖြစ်ကြောင်း ဝန်ခံ၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီခဲ့ပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇင်မောင်မောင်** | **ဒေါ်ပြည့်ဖြိုးခိုင်** |
| **(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၃၀၁၁)** | **(အထက်တန်းရှေ့နေ) (စဉ်-၄၁၈၄၄)** |

**အမှတ်- ၂၈၊ မင်းရဲကျော်စွာ(၁၈)လမ်း၊ (၃/၅)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ရွှေဖူးမျှော်လမ်း၊ မြေကွက်အမှတ်-၃၃၃၊ အဆောက်အအုံအမှတ်- ၃၃၃ တွင် ၂ခန်းတွဲ ၆ ထပ်၊ တိုက် (၁၂)ခန်း အဆောက်အအုံမှ **အမှတ် (၃၃၃)၊ ၆-လွှာ (အေ)၊ ရွှေဖူးမျှော်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့**ဟုခေါ်တွင်သည့် ဧရိယာ (အလျား ၁၂.၅x အနံ ၅၀)ပေခန့်ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်စပ်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ **ဒေါ်မိုးမိုး [၁၂/သဃက(နိုင်) ၂၅၇၉၄]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်သဇင် [၁၀/မလမ(နိုင်)၂၅၇၅၈၉] က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်သက်ဦး(LL.B.,DBL,DIR)** | **ဦးခွန်သန်းဆောင်** |
| **GCIP (DL-101/2014) Switzerland** | **LL.B., Master of International Law** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၇၈)** | **အထက်တန်းရှေ့နေ (စဉ်-၄၅၄၆၆)** |

**အမှတ်(၃)၊ မြေညီထပ်၊ မင်းညွန့်လမ်း၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၁၈၈၁၂၊ ၀၉-၇၈၄၁၁၁၉၉၂**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံးမျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သော (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# မော်လိုက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ကူညီရွှေ့ပြောင်း

နေပြည်တော် ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ကာ ခန္တီးမြို့နယ်နှင့် မော်လိုက်မြို့နယ်တို့အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မော်လိုက်မြို့နယ် ကျောက်တောင်ရပ်ကွက်၊ တံတားဦးရပ်ကွက်၊ ကျောက်မြောင်းရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ သရက်ကုန်းရပ်ကွက်၊ စွယ်တော်ရပ်ကွက်၊ ညောင်ပင်သာရပ်ကွက်၊ တွန်းပင်ကျေးရွာနှင့် တိန်းသာကျေးရွာတို့ရှိ ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ကူညီရွှေ့ပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



မော်လိုက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား နယ်မြေခံတပ်မတော်သားများက ကူညီရွှေ့ပြောင်းပေးစဉ်။

# အိန္ဒိယအသင်းကို မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အနိုင်ရရှိ




မြန်မာအသင်း ကွင်းလယ်ကစားသမား နော်ထက်ထက်ဝေ၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို အိန္ဒိယဂိုးသမား ကာကွယ်စဉ်။

ရန်ကုန် ဇူလိုင် ၉

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် အိန္ဒိယလက်ရွေးစင် အမျိုးသမီးအသင်းခြေစမ်းပွဲ ပထမပွဲစဉ်ကို ဇူလိုင် ၉ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ပထမဆုံးကစားသည့် နိုင်ငံတကာခြေစမ်းပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယလက်ရွေးစင် အမျိုးသမီးအသင်းမှာလည်း မြန်မာအသင်းကို အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး အပြန်အလှန်ရှိသည့်ပွဲတစ်ပွဲ ဖြစ်ခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☆

**ယနေ့** ဖတ်စရာ



**အစ္စရေးနိုင်ငံ၌ လူ၏ဦးနှောက်ကိုစားသုံးသည့် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသော လူနာသေဆုံး**

စာမျက်နှာ » ၁၃

**မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၁၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ရဖ် ဒသမ ၉ ကီလို သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄